ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

ဒုတိယနေ့မှတ်တမ်း

**၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက်**

**( ၂၀၂၀ ပြည့်နှစ်၊ မေလ ၁၉ ရက် )**

**[ အင်္ဂါနေ့ ]**

**အချိန်၊ ၁၀:၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ အစီအစဉ်ကို ၁၀:၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀:၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ ဒုတိယနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀:၀၁။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀:၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်(၁၆)ကြိမ်မြောက်ပုံမှန် အစည်းအဝေး ဒုတိယနေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ဦးရေ စုစုပေါင်း (၂၂၁)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၉)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၉၀.၀၅)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေသုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀:၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်(၁၆)ကြိမ်မြောက်ပုံမှန် အစည်းအဝေးရဲ့ ဒုတိယနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀:၀၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၀၃။**

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ ၁၉-၅-၂၀၂၀ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကိုယ်စား စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဦးမောင်မောင်လတ် က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကတော့ ဦးမောင်မောင်ဆွေ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်ပဲဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၂၁)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ (၁)ဦးဖြစ်ပြီး စုစုပေါင်းခွင့်ပန်ကြားသူ (၂၂)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀:၀၆။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀:၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး၏ ဒုတိယနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ

(၂၁)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၂၂)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀:၀၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာဖြစ်ပါတယ်။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၉ အရ လွှတ်တော် အစည်းအဝေးများတွင် ပထမတစ်နာရီသည် မေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်ရန်ဖြစ်သော်လည်း သတ်မှတ်ထားသည့် အချိန်အတွင်း မေးခွန်းမေးမြန်းခြင်းနှင့် ဖြေကြားခြင်း မပြီးဆုံးခဲ့ပါက အစီအစဉ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်ကို ကြိုတင်အသိပေးပါတယ်။

## ဘောလခဲခရိုင်၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနတွင် ဆောက်လုပ်လျက်ရှိသော ပစ္စည်း သိုလှောင်ရုံ (ရုံးခန်းအပါအဝင်)အား ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေဖြင့် ပြီးစီးသည် အထိ ဆက်လက်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀:၀၈။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်သန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၁၈။**

**ဦးကျော်သန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်သန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုနဲ့ပတ်သက်တဲ့ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဘောလခဲခရိုင်၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနတွင် ကယ်ဆယ်ရေးပစ္စည်းများထားရှိရန် သိုလှောင်ရုံ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်များမှာ ဆောက်လုပ်ခဲ့ပါတယ်။ အဆိုပါ အဆောက်အအုံမှာ မျက်နှာကြက်၊ ပြတင်းတံခါးရွက်များ တပ်ဆင်ရန်နှင့် အချောကိုင်ခြင်း၊ ဆေးသုတ်ခြင်းနဲ့ ရေသန့် လျှပ်စစ်လုပ်ငန်းများ ဆောင်ရွက်ရန် ကျန်ရှိနေပါတယ်။ ၎င်းလုပ်ငန်းများ အပြီးသတ်ဆောင်ရွက်ရန် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် မူလရန်ပုံငွေတွင် ပါဝင်လာခြင်း မရှိသည်ကို တွေ့ရှိရပါတယ်။ ဒါကြောင့် ၎င်းအဆောက်အအုံ အသုံးမပြုနိုင်သေးသည်ကို တွေ့ရှိရပြီး ကယ်ဆယ်ရေးပစ္စည်းများကို အစည်းအဝေးခန်းမတွင်သာ ယာယီထားရှိကြောင်း တွေ့ရှိရပါတယ်။ ထိုသို့ ထားရှိရသောကြောင့် အစည်းအဝေးများ၊ ဟောပြောပွဲများ၊ ပညာပေးဆွေးနွေးပွဲများ၊ သင်တန်းများ ဆောင်ရွက်ရာတွင် အခက်အခဲ ရှိနေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ ဒါကတော့ မြင်နေရတဲ့ လက်ရှိဆောက်ထားတဲ့ အဆောက်အအုံ ဖြစ်ပါတယ်။ ဆက်ပြပေးပါ။ ဒါကတော့ ဘေးကနေ ရိုက်ထားတဲ့ပုံဖြစ်ပါတယ်။ ဆက်ပြပေးပါ။ မျက်နှာကြက်တွေ မတပ်ထားရသေးတဲ့ပုံ ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ အစည်းအဝေးခန်းမထဲမှာ ကယ်ဆယ်ရေးပစ္စည်းတွေ စုထားတဲ့ အနေအထား တွေ့နေရတာ ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ သို့ဖြစ်ပါ၍ ၎င်းအဆောက်အအုံရဲ့ အပြီးသတ်လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေတွင် ထည့်သွင်းပေးနိုင်ခြင်း ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

အဆောက်အအုံအား ရှေ့မှမြင်ရသည့် မြင်ကွင်းပုံ (ခ)



အဆောက်အအုံအား အတွင်းမှမြင်ရသည့် မြင်ကွင်းပုံ (ခ-၁)



အစည်းအဝေးခန်းမအတွင်းမှ ကယ်ဆယ်ရေးပစ္စည်းများ စုပုံထားသည့် မြင်ကွင်းပုံ (ခ-၂)



**အချိန်၊ ၁၀:၁၀။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀:၁၀။**

**ဦးစိုးအောင်(ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဦးစွာဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးစိုးအောင် ဖြစ်ပါတယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှ (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ ဆက်လက်ထားရှိတဲ့ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်သန်း ရဲ့ ဘောလခဲခရိုင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနတွင် ဆောက်လုပ်လျက်ရှိသော ပစ္စည်းသိုလှောင်ရုံ ရုံးခန်းအပါအဝင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ဖြည့်စွက် ရန်ပုံငွေဖြင့် ပြီးစီးသည် အထိ ဆက်လက်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိမေးခွန်းနှင့် စပ်လျဉ်း၍ ရှင်းလင်း ဖြေကြားသွားမှာဖြစ်ပါတယ်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနအနေနဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ကယားပြည်နယ်၊ ဘောလခဲခရိုင် သိုလှောင်ရုံ ရုံးခန်း အပါအဝင် RC တစ်ထပ်လုပ်ငန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အအုံဦးစီးဌာနသို့ ခွင့်ပြုငွေကျပ်(၅၅.၂၀၀)သန်းဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်ခဲ့ရာ အတွင်းအပြင် အချောကိုင်ခြင်း၊ ဆေးသုတ်ခြင်း၊ မျက်နှာကြက်တပ်ဆင်ခြင်း၊ တံခါးရွက် တပ်ဆင်ခြင်း၊ အတွင်း ရေ၊ မီး Apron နှင့် Drain လုပ်ငန်းများဆောင်ရွက်ရန် ကျန်ရှိနေပါတယ်။ ၎င်းလုပ်ငန်းများအတွက် ထပ်မံလိုအပ်ငွေကျပ် (၁၂.၀၀၀)သန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေတွင် ဝန်ကြီးဌာနက တင်ပြတောင်းခံထားပြီး ဖြစ်ပါတယ်။ အဆိုပါ တင်ပြတောင်းခံထားရှိမှုအပေါ်မှာလည်း ၂၇-၄-၂၀၂၀ ရက်နေ့တွင် ကျင်းပပြုလုပ်တဲ့ ဘဏ္ဍာရေးကော်မရှင်ရဲ့ (၁/၂၀၂၀) ကြိမ်မြောက်အစည်းအဝေး သဘောတူ ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ ၂၃-၄-၂၀၂၀ ရက်နေ့တွင် တင်ပြထားရှိပြီး ဖြစ်ပါကြောင်းနဲ့ ဘဏ္ဍာငွေ ရရှိပါက ယခု ဘဏ္ဍာနှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်သွားမှာ

ဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀:၁၂။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်(၃)ဦး မေးမြန်းတဲ့ မေးခွန်းများဟာ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ နှာဟရိန်မြို့ရှိ ရဲတပ်ဖွဲ့ဝန်ထမ်းများအတွက် ယာယီဆောက်လုပ်ပေးထားသော ရုံးနှင့် လူပျိုဆောင်တို့အား ဖျက်သိမ်းပြီး RCC နှစ်ထပ်ဆောင်များအဖြစ် အနီးစပ်ဆုံး ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၁၂။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘွဲခိန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၁၂။**

**ဦးဘွဲခိန်း၊ ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၃)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ အားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဘွဲခိန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ် ထန်တလန်မြို့နယ်၊ နှာဟရိန်မြို့ ရဲစခန်းနှင့် ရဲဝန်ထမ်းအိမ်ရာများဟာ ယာယီဆောက်လုပ်ထားသော အဆောက်အအုံများသာ ဖြစ်တဲ့အတွက် မီရာဘဏ္ဍာရေးနှစ်တွင် အသစ်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ နှာဟရိန်ရွာကို ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၏ ၁၃-၉-၂၀၁၇ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၁၁၆၇/၂၀၁၇)အရ မြို့အဖြစ် အဆင့်တိုးမြှင့်ထားပြီးဖြစ်ပါတယ်။ ယခုအခါ နှာဟရိန်မြို့တွင်

ရပ်ကွက်(၂)ခု၊ ကျေးရွာအုပ်စု(၇)ခု၊ ကျေးရွာပေါင်း(၂၀)ရွာ၊ လူဦးရေပေါင်း (၁၂၀၃၄)ဦး ရှိနေပြီ ဖြစ်ပါတယ်။ နှာဟရိန်မြို့ ရဲတပ်ဖွဲ့ပိုင်မြေ (၄.၁၂)ဧက ရှိပြီး မြေဂရန်ရရှိထားပြီးဖြစ်ပါတယ်။ နှာဟရိန်ရဲစခန်းပိုင်နယ်မြေတွင် အထက်တန်းကျောင်း(၂)ကျောင်း၊ အထက်တန်းကျောင်း(ခွဲ) (၁)ကျောင်း၊ အလယ်တန်းကျောင်း(၉)ကျောင်း၊ အလယ်တန်းကျောင်း(ခွဲ)(၂)ကျောင်း၊ မူလွန်ကျောင်း (၅)ကျောင်း၊ မူလတန်းကျောင်း(၃)ကျောင်း ရှိပါတယ်။ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ(၁)ရုံ၊ ကျေးလက်ကျန်းမာရေးဌာန(၁)ခု၊ ကျေးလက်ကျန်းမာရေး ဌာန(ခွဲ)(၁၅)ခု ရှိပါတယ်။ မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးကို ၅-၂-၂၀၁၈ ရက်နေ့တွင် ဖွင့်လှစ်ထားပြီးဖြစ်ပါတယ်။ မီးသတ် တပ်ဖွဲ့ကိုပါ ဖွင့်လှစ်ထားပြီး ဖြစ်ပါတယ်။ MPT, Telenor, Mytel, CDMA ဖုန်းများ အချိန်ပြည့် ဆက်သွယ်နိုင်ဖို့ ဖြစ်ပါတယ်။ လမ်းပန်းဆက်သွယ်ရေးအနေနဲ့ ချင်းပြည်နယ် မြို့တော် ဟားခါးမှ (၇၇)မိုင်အကွာ၊ ထန်တလန်မြို့မှ (၅၃)မိုင်အကွာတွင် တည်ရှိပြီး ဟားခါး-ထန်တလန်-နှာဟရိန်-မတူပီ ပြည်ထောင်စုလမ်းမကြီးပေါ်တွင်လည်းကောင်း၊ ထန်တလန်-နှာဟရိန်-ရေဇွာမှ ဂန့်ဂေါသို့ ပြည်ထောင်စုလမ်းမပေါ်တွင် တည်ရှိတဲ့ လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့သော မြို့တစ်မြို့ ဖြစ်ပါတယ်။ နှာဟရိန်မြို့ရဲစခန်းမှူးရဲ့ တင်ပြချက်အရ မှုခင်းဖြစ်ပွားမှု ၂၀၁၈-၂၀၁၉ ခုနှစ်အတွင်း အမှုကြီး(၁)မှု၊ အခြားမှု(၈)မှု ဖြစ်ပွားခဲ့တာကို တွေ့ရှိရတဲ့အတွက် ရပ်ရွာ အေးချမ်း သာယာရေးနဲ့ တရားဥပဒေစိုးမိုးရေး နယ်မြေလုံခြုံရေးအတွက် ရဲစခန်းဟာ မရှိမဖြစ် လိုအပ်သော ဌာနတစ်ခုဖြစ်ပါတယ်။ Power Point တင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ဒါ စခန်းမှူးရုံး ဖြစ်ပါတယ်၊ ဝန်ထမ်းနေတာ ဖြစ်ပါတယ်။ ဒါလည်း ဝန်ထမ်းနေတာ ဖြစ်ပါတယ်။ ဒါလည်း ဝန်ထမ်း နေတာ ဖြစ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

ဒါကြောင့် ပုံတွင် မြင်တွေ့ရတဲ့အတိုင်း ယာယီဆောက်လုပ်ထားသော စခန်းရုံး (၄၀ X ၂၀)ပေ သွပ်မိုး၊ သွပ်ကာနှင့် ရဲဝန်ထမ်းအိမ်ရာ (၄၀ X ၂၀)ပေ သွပ်မိုး၊ ပျဉ်ခင်း အချုပ်ခန်းတွေဟာ ယိုယွင်းနေပြီဖြစ်တဲ့အတွက် ၎င်းအဆောက်အအုံဟောင်းများအား ပယ်ဖျက်ပြီး အရာရှိငယ် နေအိမ် (၁)လုံး၊ (၆)ခန်းတွဲ (၁၄၀ X ၃၀)ပေ RCC (၂)ထပ် (၁)လုံး၊ လူပျိုဆောင်(၁၀၀ X ၃၀)ပေ RCC (၁)ထပ်၊ အချုပ်ခန်း(၅၀ X ၃၀)ပေ RCC (၁)ထပ်(၁)လုံးတို့အား မီရာဘဏ္ဍာရေးနှစ်တွင် အသစ်ဆောက်လုပ် ပေးရန် အစီအစဉ် ရှိ/မရှိ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာပြည်ထဲရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအား အလေးအနက်စဉ်းစားပေးရန် ရှိသေလေးစားစွာ တင်ပြအပ် ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

နှာဟာရိန်မြို့ရဲစခန်းနှင့် ယာယီရုံးအဆောက်အအုံ၊ သွပ်မိုး၊ သွပ်ကာ၊ မြေသားတမံသလင်း (၄၀x၂၀) ပေ မြင်ကွင်းပုံ (ဂ)




ရဲဝန်ထမ်းများ နေထိုင်သည့် ယာယီအဆောက်အအုံနေရာ (၄၀x၂၀)ပေ မြင်ကွင်းပုံ (ဂ-၁)



မြို့လူထုနှင့် ရဲဝန်ထမ်းများ ပူးပေါင်းပြီး ကိုယ်ထူကိုယ်ထ ဆောက်လုပ်သည့် ဝန်ထမ်းအိမ်ရာ (၂၀x၂၀)ပေ မြင်ကွင်းပုံ (ဂ-၂)



**စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့ရှိ အကျဉ်းဦးစီးဌာန (ထောင်ကြီး၊ အကျဉ်းထောင်ဌာန ထောင်ဥယျာဉ်ကြီး၊ အစိုးရထောင်ဥယျာဉ်)သည် တိုးတက်ပြောင်းလဲနေသော နိုင်ငံတော်အခြေအနေ အရ မုံရွာမြို့၏ အထင်ကရ လူနေထူထပ်သော မြို့လယ်ခေါင်နေရာမှ လျာထားသတ်မှတ် စီမံ ထားရှိပြီးသော မုံရွာမြို့နယ်၊ သာစည်ကျေးရွာအနီးနေရာ၌ အမြန်ဆုံး ပြောင်းရွှေ့ရန် စီမံဆောင်ရွက် ထားခြင်း ရှိ/မရှိ နှင့် မည်သည့်အချိန်ကာလတွင် နောက်ဆုံးထား ပြောင်းရွှေ့မည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၁၇။**

**ဥက္ကဋ္ဌ။**　။ ဆက်လက်ပြီး ဦးလှဦး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၁၇။**

**ဦးလှဦး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။**　။ လေးစားအပ်တဲ့ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နှလုံးစိတ်ဝမ်း အေးမြကြပါစေကြောင်း ဂါရဝပြု နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့ရှိ အကျဉ်းဦးစီးဌာန (ထောင်ကြီး၊ အကျဉ်းထောင်ဌာန ထောင်ဥယျာဉ်ကြီး၊ အစိုးရထောင်ဥယျာဉ်)သည် တိုးတက် ပြောင်းလဲနေသော နိုင်ငံတော်အခြေအနေအရ မုံရွာမြို့၏ အထင်ကရ လူနေထူထပ်သော မြို့လယ် ခေါင်နေရာမှ လျာထားသတ်မှတ် စီမံထားရှိပြီးသော မုံရွာမြို့နယ်၊ သာစည်ကျေးရွာအနီး နေရာ၌

အမြန်ဆုံး ပြောင်းရွှေ့ရန် စီမံဆောင်ရွက်ထားခြင်း ရှိ/မရှိ နှင့် မည်သည့်အချိန်ကာလ၌ နောက်ဆုံးထား ပြောင်းရွှေ့စီမံမည်ကို သိရှိလိုသည့်ကိစ္စကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းမှာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ မုံရွာမြို့ဟာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရရုံးစိုက်ရာ မြို့တော်ဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံနဲ့ဆိုရင် အိမ်နီးချင်းမြို့တော်လည်း ဖြစ်ပါတယ်။ လူနေထူထပ်ပြီးတော့ (၃၁)ရပ်ကွက်ရှိပါတယ်။ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ပြီးတော့ ကုန်းလမ်း၊ ရေလမ်း၊ လေကြောင်းလမ်းများနဲ့လည်း စည်ကားတဲ့မြို့တော် ဖြစ်ပါတယ်။ မုံရွာမြို့ဟာ လူဦးရေ ထူထပ်ပြီး မုံရွာ-မန္တလေးသွားတဲ့ လမ်းမကြီးကလည်းပဲ (၄)လမ်းသွားလမ်းမကြီး ဖြစ်ပါတယ်။ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ပြီး လူနေထူထပ်သည့်အတွက် မုံရွာမြို့ပေါ်တစ်ခုလုံးမှာ ကျယ်ဝန်းတဲ့ မြေနေရာ တစ်ခုမှ မရှိတော့ပါဘူး။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ တိုးတက်နေတဲ့ ခေတ်ကာလ အနေအထားအရ မုံရွာမြို့ရဲ့ ဖွံ့ဖြိုးမှုကို များစွာ ဖြစ်ထွန်းစေမယ့်မြေနေရာ ထင်ရှားကြီးကျယ်တဲ့အဆောက်အဦ ကုန်တိုက်၊ အပန်းဖြေဥယျာဉ် စတဲ့ မြို့သူ/မြို့သား၊ နယ်သူ/နယ်သားများအတွက် တည်ဆောက် ဖန်တီးပေးရန် စီမံခန့်ခွဲရေးအရ ဖန်တီးစရာ မရှိပါဘူး။ ဘာလို့တုန်းဆိုရင် မုံရွာမြို့ရဲ့ လူနေထူထပ် သိပ်သည်းမှုအရ နေထိုင်စရာများ များစွာ လိုအပ်ပြီးတော့ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက်လည်းပဲ မြေနေရာ၊ အကျယ်အဝန်း များစွာလိုအပ်ပါတယ်။ ယခု တင်ပြမယ့် မုံရွာမြို့ အကျဉ်းထောင်ကြီးဟာ အကျဉ်းထောင်ဌာန၊ ထောင်ဥယျာဉ်ကြီး၊ အစိုးရထောင်ဥယျာဉ်၊ ထောင်ဝန်ထမ်းများ၊ ထောင်အရာရှိများ နေထိုင်ရာ တန်းလျား၊ အဆောက်အအုံအားလုံးတို့ဟာ ယခင် အင်္ဂလိပ်မင်းလက်ထက် ကတည်းက (၇.၁၆၈)ကေအပေါ်မှာ ဆောက်လုပ်ထားခြင်း ဖြစ်ပါတယ်။ ထောင်အတွင်းမှာ ရှိကြတဲ့ အကျဉ်းသား များထားရှိတဲ့ အဆောက်အအုံများဟာလည်းပဲ ပြန်လည်ပြုပြင် မွမ်းမံထားရပြီးတော့ အဆောင် တစ်ခုနှင့် တစ်ခု နီးကပ်စွာတည် ရှိနေပါတယ်။


လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီအကျဉ်းထောင်ကြီးနေရာကို မုံရွာမြို့တော်ရဲ့ ခမ်းနားထည်ဝါတဲ့ ကုန်တိုက်အဆောက်အဦကြီးတွေ၊ ကလေးကစားကွင်းတွေ၊ အများပြည်သူများ အပန်းဖြေနိုင်တဲ့ ဥယျာဉ်ပန်းခြံတွေ၊ မြို့တော်နဲ့ကိုက်ညီတဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေစသဖြင့် အဲဒီ အကျယ်အဝန်းမှာ မြို့ဖွံ့ဖြိုးရေးအတွက် ပြည်သူများကို ကိုယ်စားပြုအသုံးချနိုင်ပါတယ်။ စစ်ကိုင်းတိုင်း ဒေသကြီးအစိုးရအဖွဲ့က ဝယ်ယူထားတဲ့ Slide (7)မှာ တင်ပြထားတဲ့ မုံရွာမြို့နယ် သာစည်ကျေးရွာ အနီးမှာ (၆၂.၉၅)ကေကျယ်ဝန်းတဲ့ ဝန်းမြေကြီးထဲက ကေ(၅၀)ကို မုံရွာအကျဉ်းထောင်ဦးစီးဌာန အတွက် စီစဉ်လျာထားပြီးသား ရှိပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီအကျဉ်းဦးစီးဌာနနဲ့အတူ အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနအတွက် (၂.၅၀)ကေ၊ ရှမ်းနီစာပေနှင့် ယဉ်ကျေးမှု ကော်မတီရုံးအတွက်

(၈.၃၂)ကေ၊ လမ်းရေိယာအတွက် (၂.၁၃)ကေတို့ကို သတ်မှတ်ထားပြီးလည်း ဖြစ်ပါတယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အား Power Point သုံးစွဲခွင့်ပြုဖို့ ခွင့်တောင်းခံအပ်ပါတယ်။ အဲဒီ Power Point မှာ Slide (1)မှ Slide (6)အထိ အကျဉ်းထောင်နေရာ ဖြစ်ပါတယ်။ (၇.၁၆၈)ကေကျယ်ဝန်းပါတယ်။ Slide (1) ဟာ အဲဒီအကျဉ်းထောင်ရဲ့ မြေပုံ ဖြစ်ပါတယ်။ Slide (7)ဟာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ အပိုင်ဝယ်ယူထားတဲ့ အကျဉ်းထောင်အသစ်လျာထားတဲ့ မြေနေရာ ဖြစ်ပါတယ်။ မုံရွာမြို့ အလယ်ခေါင်မှာတည်ရှိနေတဲ့ အဆိုပါ အကျဉ်းထောင်ကြီးဟာ မုံရွာမြို့ရဲ့ သန့်ရှင်းသာယာရေး ဖွံ့ဖြိုးတိုးတက်တဲ့ မြို့အင်္ဂါရပ်နှင့် မညီညွတ်ပါဘူး။ ထောင်ကြီးရဲ့ အပြင်ဘက်မှာ ဝန်ထမ်းအိမ်ရာအချို့ရှိပြီးတော့ ထောင်ကြီးရဲ့ တောင်ဘက်ခြမ်းမှာလည်းပဲ ဝန်ထမ်း အိမ်ရာတချို့ရှိပါတယ်။ ၎င်းအိမ်ရာတို့ဟာလည်း အများအမြင်မှာ ကြည့်လို့ မကောင်းပါဘူး။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကြီး တည်ဆောက်နေတဲ့ ဒီလိုကာလမျိုးမှာ ထောင်အကျယ်အဝန်းနေရာမျိုးကို မုံရွာမြို့ရဲ့ ကျက်သရေဆောင် ဖွံ့ဖြိုးတိုးတက်မှုများ အမြန်ဆုံး အကောင်အထည်ဖော်ဖို့ လိုအပ်နေပါပြီ။ တိုင်းဒေသကြီးအစိုးရရဲ့ စီမံခန့်ခွဲမှုနဲ့ Slide (7)မှာ ဖော်ပြထားတဲ့ ကေ(၅၀)ကျယ်ဝန်းတဲ့ မြေနေရာမှာ အမြန်ဆုံး ပြောင်းရွှေ့ဆောက်လုပ်ဖို့ လိုအပ်နေပါပြီ။ အဲဒါကြောင့် ကျွန်တော့်အနေနဲ့ အများဆုံးဖြစ်တဲ့ ပြည်သူများရဲ့ အကျိုးကို ရှေးရှုပြီး မုံရွာမြို့ရဲ့ ဖွံ့ဖြိုးတိုးတက်ရေး၊ မုံရွာမြို့နယ်တစ်ခုလုံးနဲ့ မုံရွာခရိုင်၊ စစ်ကိုင်းတိုင်းဒေသကြီးတစ်တိုင်းလုံးအတွက် ရည်ရွယ်ပြီးတော့ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နိုင်ရန် လက်ရှိမုံရွာအကျဉ်းဦးစီးဌာန၊ မုံရွာထောင်ကြီးကို စီမံလျာထား ထားရှိသည့် မုံရွာမြို့နယ်၊ သာစည်ကျေးရွာအနီးနေရာသို့ အမြန်ဆုံးပြောင်းရွှေ့ရန် အစီအစဉ် ရှိ/မရှိနှင့် မည်သည့်အချိန်ကာလ၌ နောက်ဆုံးထား ပြောင်းရွှေ့စီမံမည်ကို သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။


မုံရွာအကျဉ်းထောင်နှင့် ထောင်ဥယျာဉ် ပြမြေပုံ (ဃ)




မုံရွာမြို့လယ်ခေါင်ရှိ အကျဉ်းထောင်၏ မြင်ကွင်းပုံ(ဃ-၁)



ပြောင်းရွှေ့ရန်လျာထား သတ်မှတ်ထားသည့် နေရာ ပြပုံ (ဃ-၂)




**မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟို အဖွဲ့သည် မူးယစ်ဆေးဝါးဖမ်းဆီးရရှိမှုတွင် ကွင်းဆက်တရားခံများကို ထိရောက်စွာ အရေးယူဖမ်းဆီး ဖော်ထုတ်ပြီး မူးယစ်ဆေးဝါးရောင်းချမှုမှ ရရှိသော အကျိုးအမြတ်ဖြင့် ဝယ်ယူထားသော ရွှေ့ပြောင်း နိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို သေချာစွာ စိစစ်၍ သိမ်းဆည်းပေးရန်နှင့် ပြစ်မှုကျူးလွန်သူ ကွင်းဆက်တရားခံများကို အရေးမယူဘဲ ထိမ်ချန်ခဲ့သော တာဝန်ရှိပုဂ္ဂိုလ်များ အား ထိရောက်စွာ အရေးယူပေးရန် အစီအစဉ် ရှိ/မရှိတို့ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၂၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဇော်ဟိန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၂၂။**

**ဦးဇော်ဟိန်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကြီးတစ်ရပ်လုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြ ပါစေကြောင်း ဦးစွာပထမ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဟိန်း ဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုပါ။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေတဲ့ ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကို ၁၀-၉-၁၉၉၃ ရက်နေ့မှာ စတင်ဖွဲ့စည်းခဲ့ပါတယ်။ မြန်မာနိုင်ငံမှာ မူးယစ်ဆေးဝါးရောင်းဝယ်သူ ပေါများလာတဲ့အတွက်ကြောင့် တရားဥပဒေစိုးမိုးရေး၊ လူမှုစီးပွားဘဝ တိုးတက်ရေးနှင့် ပညာရေး၊ ကျန်းမာရေး အစစအရာရာ ဆုတ်ယုတ်လာပြီးတော့ မြို့ရွာနှင့် ရပ်ကွက်များအတွင်းမှာ စိတ်ဖောက်ပြန်သူတွေ ပိုမိုများပြားလာ နေပါတယ်။ ကျွန်တော့် မဲဆန္ဒနယ်မြေဖြစ်တဲ့ ကျွန်းစုမြို့နယ်၊ မင်းခေါင်းဆေးကျေးရွာမှာ မမိုးတိမ်ပြာ KG ကျောင်းသူတစ်ဦးဟာ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ တတိယပတ်မှာ မူးယစ်ဆေးသုံးပြီး စိတ်ဖောက်ပြန်သူတစ်ဦးရဲ့ သတ်ဖြတ်ခြင်းကို ခံခဲ့ရပါတယ်။ မူးယစ်ဆေးသုံးစွဲတဲ့ အတွက်ကြောင့် စိတ်ဖောက်ပြန်ပြီး ပြည်သူများ သတ်ဖြတ်ခံရတဲ့ဖြစ်စဉ် အလားတူဖြစ်ရပ်မျိုး တိုင်းပြည်အတွင်းမှာ များစွာရှိနေပါတယ်။ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးဗဟိုအဖွဲ့မှာ မူးယစ်ဆေးဝါး ကွင်းဆက် တရားခံများ ဖော်ထုတ်ဖမ်းဆီးရေးနဲ့ ပတ်သက်ပြီး ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၉ ခုနှစ်အထိ နှစ်စဉ် (၁၀)ရာခိုင်နှုန်းပင် မပြည့်သည့်အခြေအနေမှာရှိပါတယ်။

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်အတွင်း ၁၄-၁-၂၀၂၀ ရက်နေ့မှာ မြန်မာ ကျပ်ငွေ (၂၇)ဘီလီယံကျော်တန်ဖိုးရှိ KETAMINE နှင့် ICE မူးယစ်ဆေးဝါး ကီလို(၇၀၀)ကျော်နဲ့ တရားခံ များကို လက်နက်များနှင့်အတူ ဖမ်းဆီးရမိခဲ့ပါတယ်။ မူးယစ်ကွင်းဆက်တရားခံများကို ယနေ့အချိန် အထိ ဖမ်းဆီးရမိခြင်းမရှိသေးကြောင်း သိရှိရပါတယ်။ ပြစ်မှုနဲ့သက်ဆိုင်တဲ့ မူးယစ်ဆေးဝါးရောင်းချ မှုမှရရှိတဲ့ နေအိမ်၊ တိုက်ခန်း၊ ကား၊ မြဲ၊ မြေကွက်၊ ငွေကြေးနှင့် တခြားသက်သေခံပစ္စည်းများကို သိမ်းဆည်းရမိရေးနှင့် ပတ်သက်ပြီး ပွင့်လင်းမြင်သာစွာ ဖော်ပြပေးရန် ပြည်သူများ လိုလားနေကြ ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၉ ခုနှစ်၊ ဇွန်လထဲမှာလည်း မြိတ်ခရိုင်၊ မလိရေပြင်၊ ပင်လယ်ထဲမှာ မျောပါနေတဲ့ (၉)ဘီလီယံကျော် တန်ဖိုးရှိတဲ့ ICE မူးယစ်ဆေးဝါးများကို သိမ်းဆည်း ရမိခဲ့ပါတယ်။ ကျွန်တော့် မဲဆန္ဒနယ်မြေမှာ ဖုန်းဖြင့် ဆက်သွယ်မရတဲ့ နေရာတွေ များစွာရှိပေမယ့် WY စိတ်ကြွဆေးတွေ ဈေးပေါပေါနဲ့ နေရာတိုင်း ဝယ်လို့ရနေပါတယ်။ မြန်မာနိုင်ငံမှာ ယခင် ရှမ်းပြည်နယ်ရဲ့ မူးယစ်ဆေးဝါး ထွက်ရှိသိမ်းဆည်းရမှုဟာ (၉၈.၂)ရာခိုင်နှုန်းမှ ယခု ၂၀၁၉ ခုနှစ်မှာ (၄၄.၂)ရာခိုင်နှုန်းသို့ ကျဆင်းခဲ့ပါတယ်။ ယခု မြန်မာနိုင်ငံရဲ့တောင်ဘက်ပိုင်း တနင်္သာရီတိုင်း ဒေသကြီးရဲ့ မူးယစ်ဆေးဝါး သိမ်းဆည်းရမှုဟာလည်း ၂၀၁၉ ခုနှစ်မှာ တစ်နိုင်ငံလုံးရဲ့ (၃၃.၄) ရာခိုင်နှုန်းသို့ တိုးတက်နေရာယူလာပြီဖြစ်ကြောင်း ၁၅-၅-၂၀၂၀ ရက်နေ့ထုတ် Frontier သတင်းစာ

မှာဖော်ပြခဲ့ပါတယ်။ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးမှာ အကိုင်းအခက်များအပြင် ပင်စည်များကိုပါ ထိရောက်စွာ အရေးယူဖို့ လိုအပ်နေပြီဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းလိုတာကတော့ မူးယစ်ဆေးဝါး ဖမ်းဆီးရရှိမှုမှာ ကွင်းဆက်တရားခံများကို ထိရောက်စွာ အရေးယူဖော်ထုတ်ပြီး မူးယစ်ဆေးဝါး ရောင်းချမှုမှ ရရှိတဲ့ အကျိုးအမြတ်အဖြစ်ဝယ်ယူထားတဲ့ ပစ္စည်းများကို သေချာစွာ စိစစ်သိမ်းဆည်းပေးပါရန်နှင့် ပြစ်မှုကျူးလွန်သူ ကွင်းဆက်တရားခံများကို အရေးမယူဘဲ ထိမ်ချန်ခဲ့တဲ့ တာဝန်ရှိပုဂ္ဂိုလ်များကို ထိရောက်စွာ အရေးယူပေးပါရန် အစီအစဉ်ရှိ/မရှိ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

၂၀၁၀-၂၀၁၉ ခုနှစ် (စက်တင်ဘာလအထိ) နှစ်အလိုက် မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှုနှင့် ကွင်းဆက်ဖော်ထုတ်နိုင်မှုစာရင်း ပြပုံ (င)

| စဉ် | ခုနှစ် | အမှုပေါင်း | တရားခံ | | | ကွင်းဆက်ဖော်ထုတ်နိုင်မှု | | | |
|---|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | အမှု | ကျား | မ | ပေါင်း |
| ၁ | ၂၀၁၀ | ၂၆၃၀ | ၃၃၃၇ | ၇၅၈ | ၄၀၉၅ | ၂၁၈ | ၂၄၆ | ၈၀ | ၃၂၆ |
| ၂ | ၂၀၁၁ | ၂၆၁၇ | ၃၃၀၅ | ၆၈၆ | ၃၉၉၁ | ၂၂၁ | ၂၆၅ | ၅၀ | ၃၁၅ |
| ၃ | ၂၀၁၂ | ၄၀၀၆ | ၄၈၃၉ | ၉၀၁ | ၅၇၄၀ | ၂၅၂ | ၂၅၂ | ၆၅ | ၃၁၇ |
| ၄ | ၂၀၁၃ | ၄၉၂၈ | ၅၉၇၀ | ၁၁၆၇ | ၇၁၃၇ | ၃၇၇ | ၄၂၈ | ၁၄၂ | ၅၇၀ |
| ၅ | ၂၀၁၄ | ၆၆၉၆ | ၈၁၁၀ | ၁၃၁၅ | ၉၄၂၅ | ၃၇၈ | ၃၇၇ | ၉၆ | ၄၇၃ |
| ၆ | ၂၀၁၅ | ၆၄၁၄ | ၈၀၅၅ | ၁၁၃၃ | ၉၁၈၈ | ၄၄၂ | ၄၈၇ | ၇၁ | ၅၅၈ |
| ၇ | ၂၀၁၆ | ၈၈၀၀ | ၁၁၉၆၅ | ၁၆၂၆ | ၁၃၅၉၁ | ၆၉၄ | ၇၀၉ | ၂၃၁ | ၉၄၀ |
| ၈ | ၂၀၁၇ | ၉၅၄၄ | ၁၂၄၀၅ | ၁၅၉၅ | ၁၄၀၀၀ | ၇၉၃ | ၉၁၀ | ၁၉၈ | ၁၁၀၈ |
| ၉ | ၂၀၁၈ | ၁၃၀၃၇ | ၁၆၄၀၈ | ၂၂၇၃ | ၁၈၆၈၁ | ၈၁၅ | ၉၁၂ | ၂၁၉ | ၁၁၃၁ |
| ၁၀ | ၂၀၁၉ စက်ထိ | ၉၈၆၂ | ၁၂၄၃၂ | ၁၆၁၇ | ၁၄၀၄၉ | ၆၄၆ | ၆၆၃ | ၁၅၉ | ၈၂၂ |

ICE မူးယစ်ဆေးဝါး ၁၇ ဘီလီယံတန်ဖိုးရှိ ဖမ်းဆီးရရှိသော စက်လှေ၏ မြင်ကွင်းပုံ (င-၁)



တနင်္သာရီတိုင်းသည် ၂၀၁၉ ခုနှစ်တွင် စိတ်ကြွမူးယစ်ဆေးဝါး ထွက်ရှိမှုမြင့်တက်နေကြောင်း (၁၆-၅-၂၀၂၀)တွင် Frontier သတင်းတွင် ဖော်ပြခဲ့ခြင်း ပြပုံ (င-၂)




**အချိန်၊ ၁၀:၂၅။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဖြေကြားချက်

**အချိန်၊ ၁၀:၂၅။**

**ဗိုလ်ချုပ်စိုးတင့်နိုင် (ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာ အပေါင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင် ဖြစ်ပါတယ်။

ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဘွဲခိန်း ရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ် ရှင်းလင်းတင်ပြခွင့်ပြုနိုင်ပါရန် တင်ပြအပ်ပါတယ်။ ချင်းပြည်နယ်၊ ဟားခါးခရိုင်၊ ထန်တလန်မြို့နယ်တွင် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊ မြို့မရဲစခန်း၊ နှာဟရိန်နယ်မြေရဲစခန်း၊ မှောင်တလန်ရဲကင်းစခန်း၊ လုံလဲရ်ရဲကင်းစခန်းနှင့် သီကီရ်ရဲကင်းစခန်းတို့ ရှိပါတယ်။ နှာဟရိန် နယ်မြေရဲစခန်းဟာ ထန်တလန်မြို့နယ်၊ နှာဟရိန်မြို့ရှိ (၁၀)နှစ်မြေငှားဂရန် ရရှိထားရာ မြေဧရိယာ (၄.၀၂)ကေပေါ်မှာ တည်ရှိပြီး လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းတာဝန်များကို ဆောင်ရွက် လျက်ရှိပါတယ်။ နှာဟရိန်နယ်မြေရဲစခန်းမှာ ယာယီနယ်မြေရဲစခန်းရုံး (၁)လုံးနှင့် လူ(၃၀)ဆံ့ ယာယီလူပျိုဆောင်(၁)လုံး၊ စုစုပေါင်းယာယီအဆောက်အအုံ (၂)လုံးသာရှိပြီး လက်ရှိ အင်အားနှင့် နေအိမ်လိုင်းခန်း လုံလောက်မှုမရှိတဲ့အတွက် (၆)ခန်းတွဲ (၂)ထပ်(၁)လုံး၊ (၄)ခန်းတွဲ (၂)ထပ်(၁)လုံး နှင့် နယ်မြေရဲစခန်းရုံး(အချုပ်ပါ) (၁)ထပ် (၁)လုံးတို့ လိုအပ်မှာဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရုံး၊ ရဲစခန်း၊ တပ်ရင်းတပ်ဖွဲ့များ၊ သင်တန်းကျောင်းများ၌ ယခင်က ဆောက်လုပ်ခဲ့တဲ့

အဆောက်အအုံအချို့ဟာ နှစ်ကာလကြာမြင့်ပြီဖြစ်တဲ့အတွက် ဟောင်းနွမ်းဆွေးမြည့်နေပြီ ဖြစ်ပါတယ်။

အဆောက်အအုံများကို အစားထိုးဆောက်လုပ်ရန်နဲ့ တိုးချဲ့ဖွဲ့စည်းထားတဲ့ တပ်ဖွဲ့များ အတွက် အဆောက်အအုံအသစ်များ ဆောက်လုပ်ရန် လိုအပ်ပါတယ်။ ၎င်းလိုအပ်ချက်များအပေါ် ဦးစားပေး အစီအစဉ်အလိုက် ဆောက်လုပ်နိုင်ရေးအတွက် နှစ်စဉ် ဘဏ္ဍာငွေ တင်ပြတောင်းခံသော်လည်း နိုင်ငံတော်ရဲ့ ဘဏ္ဍာငွေအခြေအနေအရ တင်ပြတောင်းခံမှုအပေါ် စိစစ်ခွင့်ပြုလျက်ရှိတဲ့အတွက် ခွင့်ပြုရန်ပုံငွေရရှိမှု အပေါ်မူတည်ပြီး ဦးစားပေးအစီအစဉ်များ သတ်မှတ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါကြောင့် နှာပရိန်နယ်မြေရဲစခန်းမှာ လိုအပ်လျက်ရှိတဲ့ လူပျို တပ်ဖွဲ့ဝင်များအတွက် သင့်လျော်သော လူပျိုဆောင်ကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အဆောက်အအုံပြင်ဆင်ထိန်းသိမ်းစရိတ် ရန်ပုံငွေမှ စိစစ်ခွင့်ပြု၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် နယ်မြေရဲစခန်း (အချုပ်ပါ)(၁)ထပ်(၁)လုံး၊ ခြောက်ခန်းတွဲ (၂)ထပ် သံကူကွန်ကရစ် (၁)လုံးနဲ့ လေးခန်းတွဲ (၂)ထပ် သံကူကွန်ကရစ် (၁)လုံးတို့ကို ၂၀၂၀ –၂၀၂၁ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း မူလအသုံးစရိတ်တွင် လျာထားတင်ပြ တောင်းခံသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဦး ရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ် ရှင်းလင်းဖြေကြားခွင့်ပြုနိုင်ပါရန်နှင့် ဖြေကြားချိန် အနည်းငယ်တိုးမြှင့်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။ မုံရွာအကျဉ်းထောင်ဟာ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ ရုံးကြီးရပ်ကွက်၊ ရုံးကြီးလမ်းတွင်တည်ရှိပြီး အကျဉ်းထောင်အတွင်းဧရိယာ (၁.၆၉)ဧက၊ အကျဉ်းထောင်အပြင်ဧရိယာ (၈.၆၇၉)ဧက၊ စုစုပေါင်း(၁၀.၃၆၉)ဧက ကျယ်ဝန်းကာ ၂၉–၁၀–၂၀၁၀ ရက်နေ့မှ ၂၈–၁၀–၂၀၄၀ ရက်နေ့အထိ နှစ်(၃၀)မြေငှားဂရန် ရရှိထားပြီးဖြစ်ပါတယ်။ မုံရွာအကျဉ်းထောင်ကို ၂၀၁၆ ခုနှစ်မှာ ‘က’ အဆင့် အကျဉ်းထောင်အဖြစ် ပြောင်းလဲသတ်မှတ်ခဲ့ပြီး အကျဉ်းထောင်အတွင်း၌ အဆောက်အအုံ(၁၅)လုံးနှင့် အကျဉ်းထောင်ပြင်ပတွင် အဆောက်အအုံ (၃၀)လုံး ဆောက်လုပ်ထားရှိကာ အဆောက်အအုံနှင့် မြေဧရိယာများရဲ့ တန်ဖိုးမှာ ခန့်မှန်းတွက်ချက်မှုအရ ငွေကျပ်(၁၄၁၂၂.၅၁)သန်း ဖြစ်ပါတယ်။

မုံရွာ အကျဉ်းထောင်အား ၁၆–၆–၂၀၁၆ ရက်နေ့မှာ ‘က’အဆင့် အကျဉ်းထောင်အဖြစ် ပြောင်းလဲသတ်မှတ်ခဲ့တဲ့အတွက် ထိန်းသိမ်းထားရှိမယ့် သတ်မှတ်အကျဉ်းသားဦးရေမှာ (၁၀၀၀)ဦး ဖြစ်သော်လည်း လက်ရှိအဆောက်အအုံများအနေအထားအရ လက်ခံနိုင်သောအင်အားမှာ(၅၄၀)ဦး ဖြစ်ပါတယ်။ လက်ရှိတွင် အကျဉ်းသားဦးရေ(၄၉၃)ဦး၊ အကျဉ်းသူ(၅၈)ဦး၊ အချုပ်သား(၃၂၃)ဦး၊ အချုပ်သူ(၂၉)ဦး၊ စုစုပေါင်း(၉၀၃)ဦးရှိသဖြင့် ဝင်ဆံ့သည့်ပမာဏထက် (၃၆၃)ဦး ကျော်လွန်၍ ထိန်းသိမ်းထားရှိပါတယ်။ ၎င်းအခြေအနေများကြောင့် မုံရွာအကျဉ်းထောင်အား ‘က’ အဆင့် အကျဉ်းထောင်အဖြစ် သတ်မှတ်ချက်နှင့်အညီ အကျဉ်းသား၊ အကျဉ်းသူ(၁၀၀၀)ဦး လက်ခံ

ထိန်းသိမ်းထားနိုင်ရေးအတွက် အကျဉ်းသားအိပ်ဆောင်(၆)ဆောင်တွင် အကျဉ်းသားအိပ်ရန် နေရာများကို ပြင်ဆင်တိုးချဲ့ခြင်းများ ဆောင်ရွက်ထားရှိပြီးဖြစ်ပါတယ်။

ထိုသို့ ဆောင်ရွက်ထားရှိမှုများကြောင့် အကျဉ်းသားတစ်ဦးနေထိုင်ရန် စံနှုန်းဖြစ်သောဧရိယာ (၁၈)စတုရန်းပေဖြင့် တွက်ချက်လျှင် အကျဉ်းသား (၇၇၈)ဦး လက်ခံနိုင်မှာဖြစ်တဲ့အပြင် ၎င်းထက် ပိုမိုလက်ခံနိုင်ရေးအတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှာ အကျဉ်းသား(၂၀၀)ဦးဆံ့ နှစ်ထပ်အိပ်ဆောင်(၁)လုံး ဆောက်လုပ်ရန်ကိုလည်း ရန်ပုံငွေလျာထားပြီးဖြစ်ပါတယ်။ လိုအပ်ပါက အကျဉ်းထောင်ဧရိယာအတွင်းရှိ အဆောက်အအုံ (၁၅)လုံးအနက် အလုပ်ရုံအဖြစ် သတ်မှတ်ထားသော အဆောက်အအုံအပိုကိုလည်း အကျဉ်းသားများထားနိုင်ရန် ဆောင်ရွက်ထားနိုင်တဲ့အတွက် ‘က’အဆင့် အကျဉ်းထောင်သတ်မှတ်ချက်အတိုင်း လုံလောက်အောင်ထားရှိနိုင်မှာဖြစ်ပါတယ်။ အကျဉ်းဦးစီးဌာန အနေဖြင့် အကျဉ်းသားတစ်ဦးကို (၁၈)စတုရန်းပေ သတ်မှတ်ခွင့်ပြုပေးပြီး လက်ခံထိန်းသိမ်းလျက်ရှိတဲ့အတွက် အကျဉ်းထောင်များ၊ အကျဉ်းစခန်းများတွင် အကျဉ်းသား (၈၉၉၃၈)ဦးအထိ စံအဖြစ် ထားရှိလက်ခံထိန်းသိမ်းလျက်ရှိပါတယ်။ အကျဉ်းထောင်များ၊ အကျဉ်းစခန်းများမှ ပြစ်ဒဏ်စေ့ လွတ်မြောက်သော အကျဉ်းသားဦးရေထက် အချုပ်သား၊ အကျဉ်းသားဦးရေ လစဉ် (၁၀၀၀)ဦးမှ(၁၂၀၀)ဦးကြား တိုးမြင့်နေခြင်းကြောင့် ၃၁-၃-၂၀၂၀ ရက်နေ့ တစ်နိုင်ငံလုံး ထောင်ပိတ်စာရင်းအရ အချုပ်သား၊ အကျဉ်းသား(၁၀၀၃၂၄)ဦးအထိ လက်ခံထိန်းသိမ်းချုပ်နှောင်ခဲ့ရတဲ့အတွက် စံအဖြစ် ထားရှိတဲ့ လက်ခံထိန်းသိမ်းနိုင်တဲ့အင်အားထက် ပိုမိုလက်ခံထိန်းသိမ်းခဲ့ရပါတယ်။

အကျဉ်းဦးစီးဌာနအနေဖြင့် အကျဉ်းသား လက်ခံထိန်းသိမ်းနိုင်သည့် ဝင်ဆံ့အင်အားထက် နှစ်စဉ် ပိုမိုထိန်းသိမ်းနေရသောအခြေအနေနှင့် ရင်ဆိုင်နေရတဲ့အတွက် လက်ရှိအကျဉ်းထောင်မှာ အကျဉ်းသား(၁၀၀၀)ဦးခန့်ကို နေသားတကျ အဆင်ပြေစွာ ထိန်းသိမ်းနိုင်ရေးအတွက် မုံရွာအကျဉ်းထောင် အဟောင်းကို စွန့်လွှတ်ပေးနိုင်မှု မရှိခြင်းဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ မုံရွာမြို့နှင့် (၁၃.၅)မိုင်ကွာ သာစည်ကျေးရွာအနီးရှိ အစိုးရအဖွဲ့ပိုင်မြေ (၆၂.၉၅)ဧကအနက် (၅၀)ဧကကို မုံရွာအကျဉ်းထောင်အဖြစ် ဆောက်လုပ်ရန် သတ်မှတ်ရွေးချယ်ပေးတဲ့ မြေနေရာမှာ အကျဉ်းထောင်အသစ် တည်ဆောက်ပါက အနည်းဆုံး(၅)နှစ်ခန့် ကြာမြင့်နိုင်မည်ဖြစ်ပြီး ဘဏ္ဍာငွေကျပ်သန်း(၁၀၀၀၀)ခန့် ကုန်ကျမည်ဖြစ်ပါတယ်။ အကျဉ်းထောင်အသစ်တွင် သုံးစွဲမည့် နိုင်ငံတော်ဘဏ္ဍာငွေအား တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုလိုအပ်တဲ့ အခြားသောတည်ဆောက်ရေးလုပ်ငန်းများတွင် သုံးစွဲသင့်ပြီး ဖျက်သိမ်းရန် မလိုအပ်သေးသော အကျဉ်းထောင်တစ်ခုကိုဖျက်ပြီး အစားထိုး အကျဉ်းထောင်တစ်ခု ဆောက်လုပ်ရန်မသင့်ကြောင်း တင်ပြအပ်ပါတယ်။

အကယ်၍ အကျဉ်းထောင်အသစ်အဖြစ် ရွှေ့ပြောင်းပြီးပါကလည်း ‘က’ အဆင့် မုံရွာအကျဉ်းထောင်အဟောင်းကို အချုပ်ထောင်အဖြစ် ဆက်လက်အသုံးပြုသွားရန် လိုအပ်နေမှာဖြစ်ပြီး အဆိုပါ အချုပ်ထောင်တွင် တရားရုံးအမှု ပြီးပြတ်ခြင်းမရှိသေးတဲ့ အကျဉ်းသား များနှင့် အချုပ်ကျ

တရားခံများကို ထိန်းသိမ်းသွားရမှာဖြစ်ပါတယ်။ လက်ရှိအချုပ်ထောင်နှင့် တရားရုံးများဟာ (၂)ဖာလုံခန့်သာကွာဝေးပြီး နီးကပ်စွာ တည်ရှိနေခြင်းဖြင့် တရားခံများကို ရုံးထုတ်စစ်ဆေးရာမှာ လုံခြုံရေးစောင့်ရှောက်မှုများကို ကောင်းမွန်စွာ ကြီးကြပ်ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ အကျဉ်းသားများ နာမကျန်းဖြစ်တဲ့အခါ ပြင်ပဆေးရုံကြီးသို့ ကုသရန် လိုအပ်ပါကလည်း ကုသနိုင်ရေးအတွက် အချိန်တိုအတွင်း ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ မုံရွာအကျဉ်းထောင်အား မုံရွာတရားရုံး အနီးတွင်လည်းကောင်း၊ အစိုးရရုံးများ၊ မြို့မရဲစခန်းတို့နှင့် နယ်နိမိတ်ချင်း ထိစပ်နေခြင်းကြောင့်လည်းကောင်း၊ အမှတ်(၁၆)ခြေမြန်တပ်ရင်းဟာ အကျဉ်းထောင်နှင့် အလှမ်းမကွာတဲ့ နေရာတွင် တည်ရှိနေခြင်းကြောင့်လည်းကောင်း တရားရုံး ရုံးထုတ်ရမယ့် အချုပ်သားများနှင့် အကျဉ်းသားများကို လုံခြုံစွာ ထိန်းသိမ်းနိုင်ရန်အတွက် သင့်တော်ကောင်းမွန်တဲ့နေရာတစ်ခု ဖြစ်ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာအကျဉ်းထောင်အား ‘က’ အဆင့် အကျဉ်းထောင်နှင့် လိုက်လျောညီထွေမှုရှိတဲ့ အကျဉ်းထောင်အဖြစ်ဆောက်လုပ်ရန် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ သတ်မှတ်ပေးသောမြေနေရာဟာ အကျဉ်းထောင်အသစ် ဆောက်လုပ်ရန် သင့်တော်တဲ့မြေနေရာဖြစ်သော်လည်း လက်ရှိ အကျဉ်းထောင်ဟောင်းနေရာအား လုပ်ငန်းလိုအပ်ချက်အရ စွန့်လွှတ်ခြင်း၊ လွှဲပြောင်းခြင်း မပြုနိုင်သေးပါကြောင်းနှင့် အကျဉ်းထောင် အဟောင်းနေရာအား အချုပ်ထောင်အဖြစ် ဆက်လက်သုံးစွဲသွားမှာဖြစ်ပါကြောင်း ပြည်ထဲရေးဝန်ကြီးဌာနရဲ့ သဘောထားကို ၇-၃-၂၀၁၉ ရက်စွဲပါ စာအမှတ်၊ ပထရ/၂-၁-၂ (၂၃၀)/ထောက် ၂ ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြခဲ့ပြီး ဖြစ်ပါတယ်။

သို့ပါ၍ အကျဉ်းဦးစီးဌာနအနေဖြင့် အကျဉ်းသားလက်ခံထိန်းသိမ်းနိုင်တဲ့ ဝင်ဆံ့အင်အားကို ပိုမိုတိုးချဲ့ဆောင်ရွက်နေခြင်းဖြစ်ပါသဖြင့် ‘က’ အဆင့် မုံရွာအကျဉ်းထောင်အသစ်ကို သာစည်ကျေးရွာအနီးနေရာ၌ ဆောက်လုပ်နိုင်ရန်အခွင့်အရေး ရရှိပါကလည်း မုံရွာအကျဉ်းထောင်အဟောင်းကို အချုပ်ထောင်အဖြစ် ဆက်လက်အသုံးပြုရန် လိုအပ်ချက်ရှိနေသေးသဖြင့် စွန့်လွှတ်လွှဲပြောင်းပေးအပ်နိုင်ခြင်း မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဟိန်း ရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ် ရှင်းလင်းတင်ပြခွင့်ပြုနိုင်ပါရန် အချို့နေရာများတွင် Power Point အသုံးပြုခွင့်ပေးနိုင်ပါရန်နှင့် ဖြေကြားချိန် အနည်းငယ်တိုးမြှင့်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။ ၁၉၇၆ ခုနှစ်မှာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကို စတင်ဖွဲ့စည်းပြီး ၄-၇-၂၀၁၆ ရက်နေ့တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးမှ ဥက္ကဋ္ဌ အဖြစ် တာဝန်ယူဆောင်ရွက်တဲ့ အဖွဲ့ဝင်(၁၆)ဦး ပါဝင်တဲ့ စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းခဲ့ပါတယ်။

၃-၂-၂၀၂၀ ရက်နေ့တွင် အဆိုပါဗဟိုအဖွဲ့အောက်၌ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးမှ ဥက္ကဋ္ဌ အဖြစ် တာဝန်ယူဆောင်ရွက်တဲ့ အဖွဲ့ဝင်(၁၃)ဦးပါဝင်သော တားဆီးနှိမ်နင်းရေးနှင့် စီမံခန့်ခွဲရေးအဖွဲ့အပြင် အခြားလုပ်ငန်းအဖွဲ့ (၁၁)ဖွဲ့တို့ကိုလည်း ဖွဲ့စည်းပြီး မူးယစ်ဆေးဝါးအန္တရာယ်ကို အမျိုးသားရေးတာဝန်အဖြစ်ခံယူပြီး ဒေသခံပြည်သူများနှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ၂၆-၆-၂၀၁၈ ရက်နေ့မှာ မူးယစ်ဆေးဝါး အထူးသတင်း တိုင်ကြားရေးဌာနကို နိုင်ငံတော်သမ္မတရုံးမှာ ဖွဲ့စည်းခဲ့ပြီး ထိုသို့ ဖွင့်လှစ်ထားရှိကြောင်းကို အများပြည်သူသို့ ထုတ်ပြန်ကြေညာ၍ မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားမှုများကို လက်ခံဆောင်ရွက်ခဲ့ရာ ၉-၅-၂၀၂၀ ရက်နေ့အထိ ပေးပို့တိုင်ကြားတဲ့အမှုပေါင်း (၁၁၀၂)မှုရှိပါတယ်။ အဆိုပါ အရေးယူဆောင်ရွက်ခဲ့မှုမှတ်တမ်းကို Power Point ဖြင့် တင်ပြပါတယ်။ စုစုပေါင်းအမှု (၁၁၀၂)မှုဖြစ်ပြီး တရားခံ (၁၆၈၉)ဦးကို ဖမ်းဆီးရမိခဲ့ပါတယ်။ ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးနှင့် လက်နက်ခဲယမ်းများ ဖြစ်ပါတယ်။ နိုင်ငံတော်အတွင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုအနေဖြင့် ၁-၁-၂၀၁၉ ရက်နေ့မှ ၃၀-၄-၂၀၂၀ ရက်နေ့အထိ အရေးယူဆောင်ရွက်ခဲ့မှုများကို Power Point ဖြင့် တင်ပြအပ်ပါတယ်။ အမှုပေါင်း (၁၇၉၇၉)မှုဖြစ်ပြီး တရားခံ (၂၅၄၃၄)ဦးကို ဖမ်းဆီးရမိခဲ့ပါတယ်။

မူးယစ်ဆေးဝါး ကွင်းဆက်တရားခံများ ဖော်ထုတ်ရာမှာ အားနည်းရတဲ့အကြောင်းအရင်းကို လေ့လာစိစစ်ကြည့်ရာ ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ မူးယစ်ဆေးဝါးများ လက်ဝယ်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ သယ်ဆောင်ခြင်း၊ ထုတ်လုပ်ခြင်းများဟာ ပြစ်မှုထင်ရှား စီရင်ခြင်းခံရပါက ထောင်ဒဏ် အနည်းဆုံး(၅)နှစ်မှ အများဆုံး သေဒဏ်အထိ ပြစ်ဒဏ်ချမှတ်နိုင်တဲ့အတွက် မူးယစ်ဆေးဝါး ရောင်းဝယ်သူ အများစုဟာ ကွင်းဆက်ဖြတ်ထားတဲ့ အကန့်စနစ်ဖြင့် လျှို့ဝှက်သိုသိပ်စွာ ဆောင်ရွက်ကြခြင်းနှင့် ငွေကြေးနှင့် နည်းပညာအထောက်အကူများကို ရယူပြီးစနစ်တကျ ဂိုဏ်းဖွဲ့၍ ကျူးလွန်ကြကြောင်း တွေ့ရှိရပါတယ်။ ထို့အပြင် မူးယစ်ဆေးဝါး ထုတ်လုပ်သူ၊ လက်ကား ဖြန့်ဖြူးသူ၊ သယ်ဆောင်သူနှင့် လက်လီရောင်းချသူတို့မှာလည်း များသောအားဖြင့် အကန့်စနစ်ဖြင့် တစ်ဦးနှင့်တစ်ဦး တိုက်ရိုက်ဆက်သွယ်မှုမပြုကြဘဲ ကြားခံများထားရှိ၍ အကောင်အထည်ဖော်ဆောင်ရွက်ကြပါတယ်။

ဒါကြောင့် ကွင်းဆက်တရားခံများမှာ တစ်ဦးနှင့်တစ်ဦး ကိုယ်ရေးအချက်အလက်များကို အမှန်မသိရှိကြခြင်း၊ ကွင်းဆက်တရားခံအချို့ရဲ့ စစ်ဆေးဖော်ထုတ်ချက်အရ မူးယစ်ဆေးဝါးထုတ်လုပ်သူနှင့် လက်ကားဖြန့်ဖြူးသူများသည် တိုင်းရင်းသားလက်နက်ကိုင်များအခြေပြုတဲ့ နယ်မြေလုံခြုံရေးကောင်းမွန်မှုမရှိသောဒေသများတွင် အခြေချနေထိုင်ခြင်းတို့ကြောင့် ကွင်းဆက်ဖော်ထုတ်ရာမှာ ခက်ခဲမှုများရှိကြောင်းလည်း တွေ့ရှိရပါတယ်။ ၎င်းအပြင် မြန်မာနိုင်ငံရဲတပ်ဖွဲ့က မူးယစ်မှုများ စစ်ကြောဖော်ထုတ်ရာ၌ မူးယစ်ကွင်းဆက်တရားခံများရဲ့ တယ်လီဖုန်းများမှ အခြေခံ၍

ဆက်လက်စုံစမ်းဖော်ထုတ်ရာမှာ နိုင်ငံသားများရဲ့ လူပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် လူပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကို လိုက်နာရပါသဖြင့် ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၇၅ နှင့်အညီ သက်ဆိုင်ရာ တယ်လီဖုန်းအော်ပရေတာများထံမှ ထုတ်ယူရာ၌ အချိန်ကြန့်ကြာမှုများ ရှိတတ်ပါတယ်။

မူးယစ်ဆေးဝါးရောင်းဝယ်မှုများတွင် ငွေပေးချေမှုအပိုင်း၌ အွန်လိုင်းငွေကြေးဝန်ဆောင်မှုလုပ်ငန်းများနှင့် တရားမဝင် ငွေလွှဲလုပ်ငန်းများဖြင့် ပေးချေဆောင်ရွက်ကြခြင်း၊ ဘဏ်များမှ ငွေကြေးလွှဲပြောင်းမှုများကို စိစစ်ရာတွင်လည်း ငွေကြေးလွှဲပြောင်းမှုမှတ်တမ်းများ ထုတ်ယူရရှိရေးအတွက် အချိန်ယူဆောင်ရွက်ရခြင်းနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တရားခံများကို လူ့အခွင့်အရေးကို အလေးထား၍ စစ်ကြောဖော်ထုတ်ရခြင်းတို့ကြောင့် ကွင်းဆက်တရားခံများ ဖော်ထုတ်ရာတွင် အားနည်းရခြင်းဖြစ်ပါတယ်။

သို့သော်လည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုများတွင် ပါဝင်ပတ်သက်သော ကွင်းဆက်တရားခံများအား ဖော်ထုတ်ရေးကို အထူးဂရုပြု ဆောင်ရွက်လျက်ရှိပါတယ်။ မူးယစ်ဆေးဝါး ဖမ်းဆီးရရှိမှုများတွင် ကွင်းဆက်များ ဖော်ထုတ်ဖမ်းဆီးရရှိရေးအတွက် အမှုအခြေအနေများကို လျှို့ဝှက်စွာထားရပြီး ကွင်းဆက်တရားခံများ လွတ်မြောက်မှုမရှိစေရေးအတွက် အဓိကထားဆောင်ရွက်ရတဲ့အတွက်ကြောင့် ဖမ်းဆီးရရှိမှုအခြေအနေအပေါ် မူတည်ပြီး သတင်းထုတ်ပြန်ရတဲ့အတွက် မူးယစ်ဆေးဝါး ဖမ်းဆီးရရှိမှု ဖြစ်စဉ်များ အများပြည်သူများ သိရှိမှု အားနည်းရခြင်းဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးရဲ့ မေးခွန်းမှာ ပါရှိတဲ့ ကြောင်းကျိုးဖော်ပြချက်တွေ ပါဝင်သော မြိတ်မြို့နယ်တွင် KETAMINE နှင့် ICE မူးယစ်ဆေးဝါး ကီလို(၇၀၀) ကျော် ဖမ်းဆီးခဲ့မှုအား စိစစ်ကြည့်ရာ ၁၃-၁-၂၀၂၀ ရက်နေ့ ၂၃:၄၅ အချိန်တွင် တပ်မတော်(ရေ)မှ မြိတ်မြို့နယ်၊ စန္ဒဝတ် ကျေးရွာအုပ်စု၊ ကျွဲကူးကျေးရွာ၊ အင်္ကာဝါရပ်အတွင်း မြေပေါ်လွန်းကျင်းရှိ စက်လှေတစ်စီးပေါ်မှ သိန်းကျော်နိုင် နှင့် မျိုးဝင်း တို့နှစ်ဦးကို KETAMINE (၄၉၀)ကီလို၊ ICE (၂၀၁) ကီလိုတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ပါတယ်။ ၎င်းဖြစ်စဉ်တွင် ကွင်းဆက်ဖော်ထုတ်ချက်အရ ဖမ်းဆီးရမိ တရားခံ(၃)ဦး၊ တရားခံပြေး(၂)ဦး၊ စုစုပေါင်း ကွင်းဆက်တရားခံ (၅)ဦးတို့ကို ICE (၁)ကီလို၊ Gas ပစ္စတိုသေနတ် (၁)လက်၊ လက်လုပ်လေသေနတ် (၁)လက်၊ ၉ မမ ကျည်(၁)တောင့်၊ ၅.၅၆ ကျည် (၁)တောင့်၊ GPS (၁)လုံး၊ သံလိုက်အိမ်မြှောင်(၁)ခု၊ ဆက်သွယ်ရေးစက် (၂)လုံး၊ ဖုန်း(၃)လုံး၊ ငွေကျပ် (၈.၅)သိန်း တို့နှင့်အတူ ဖမ်းဆီးနိုင်ခဲ့သဖြင့် ဥပဒေနှင့်အညီ အမှုဖွင့် အရေးယူဆောင်ရွက်ထားရှိပြီးဖြစ်တဲ့အပြင် ပိုင်ဆိုင်မှုများကို ငွေကြေးခဝါချမှုဖြင့် ဆက်လက်အရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

လွှတ်တော်ကိုယ်စားလှယ်တော်ကြီးရဲ့ မေးခွန်းမှာပါရှိတဲ့ ကြောင်းကျိုးဖော်ပြထားသော မူးယစ်ဆေးဝါးရောင်းချမှုမှရရှိတဲ့ အကျိုးအမြတ်များဖြင့် အသွင်ပြောင်းလဲခြင်းကြောင့် ရရှိလာသော

ရွှေ့ပြောင်းနိုင်/မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို သိမ်းဆည်းခြင်းနှင့် ပတ်သက်၍ မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှုများမှ သက်ဆိုင်သူများကို နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် တရားရုံးအသီးသီး၌ အမှုစစ်ဆေးချိန်နှင့် ငွေကြေးခဝါချမှုဆိုင်ရာ မှုခင်းအတွက် အမှု တည်ဆောက်၍ သက်ဆိုင်ရာတရားရုံးသို့ ထပ်မံတရားစွဲတင် အမှုစစ်ဆေးချိန်တို့ဟာ လုပ်ငန်းသဘောသဘာဝအရ ကြာမြင့်မှုရှိပါတယ်။ ဒါကြောင့် မူးယစ်ဆေးဝါးဖမ်းဆီးရမိသော ဖြစ်စဉ်နှင့် မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှုနှင့် သက်ဆိုင်သော နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းရမိမှုတို့အား ပြည်သူတို့အနေဖြင့် ယှဉ်တွဲ၍ သိရှိနိုင်မှုမရှိခြင်းဖြစ်ပါသည်။

ငွေကြေးခဝါချမှုများဟာ ငွေကြေးစီးဆင်းလည်ပတ်မှုနှင့် သက်ဆိုင်မှုရှိပြီး ငွေကြေးစီးဆင်းလည်ပတ်မှုများသည်လည်း အများပြည်သူတို့နှင့် ဆက်စပ်နေပါတယ်။ ဒါကြောင့် ငွေကြေးခဝါချသူများကို အရေးယူခြင်းကြောင့် ငွေကြေးစီးဆင်းမှုနှင့် ဆက်စပ်နေတဲ့ မသက်ဆိုင်သူများကို နစ်နာမှု မရှိအောင်လည်းသတိထား ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ထို့ကြောင့် ၂၀၁၆ ခုနှစ်၊ ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေအရလည်းကောင်း၊ နိုင်ငံတကာငွေကြေးခဝါချမှု တိုက်ဖျက်ရေးစံနှုန်းများ အရလည်းကောင်း၊ ၂၀၁၄ ခုနှစ်၊ ငွေကြေးခဝါချမှု တိုက်ဖျက်ရေး ဥပဒေ အခန်း(၁၅)၊ ပုဒ်မ ၆၆ တွင် ငွေကြေးဆိုင်ရာ မှုခင်းများနှင့် ပတ်သက်၍ သတင်းအချက်အလက်များကို လျှို့ဝှက်ထိန်းသိမ်းထားရှိရန် လိုအပ်ပြီး ဤဥပဒေပါ ပြဋ္ဌာန်းချက် (သို့မဟုတ်) တရားရုံးရဲ့ အမိန့်အရသာ အသုံးပြုနိုင်သည်ဟု ပြဋ္ဌာန်းထားရှိသဖြင့် ဤပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ပါက မြန်မာနိုင်ငံလျှို့ဝှက်အက် ဥပဒေအရ အရေးယူခြင်းခံရမည်ဟု ပြဋ္ဌာန်းထားရှိပါတယ်။

သို့ပါ၍ မူးယစ်ဆေးဝါးဖမ်းဆီးရမိမှု တစ်ခုချင်းအတွက် ငွေကြေးခဝါချမှုဖြင့် အရေးယူဆောင်ရွက်မှုကို ထုတ်ပြန်ပေးခြင်းမရှိသော်လည်း ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဗဟိုအဖွဲ့ရဲ့ နှစ်စဉ်ထုတ်ဝေတဲ့ နှစ်ပတ်လည် အစီရင်ခံစာတွင်လည်းကောင်း၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ရဲ့ Website ဖြစ်သော www.mfiu.gov.mm တွင်လည်းကောင်း၊ အရေးယူခဲ့သော အမှုအရေအတွက်၊ တရားခံ အရေအတွက်၊ တရားစွဲတင်မှု၊ ပြစ်ဒဏ်ချမှတ်မှု၊ ဘဏ္ဍာ သိမ်းဆည်းမှု တန်ဘိုးတို့ကို ဖော်ပြထားပါကြောင်း တင်ပြအပ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းတွင် ပါရှိသော ကြောင်းကျိုးဖော်ပြထားသည့် မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှုများတွင် မူးယစ်ကျူးလွန်မှု ကွင်းဆက် မူးယစ်တရားခံများကို ရည်ရွယ်ချက်ရှိရှိ အရေးမယူဘဲ ထိမ်ချန်သော စုံစမ်းစစ်ဆေးရေး ပြုလုပ်ပိုင်ခွင့်ရှိသော တာဝန်ရှိသူ ပုဂ္ဂိုလ်များအား ထိရောက်စွာ အရေးယူပေးရန်နှင့် ပတ်သက်၍ ထိုသို့ ပြုလုပ်သူများကို အရေးယူရာ တွင် ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေ ပုဒ်မ ၁၈ အရ လည်းကောင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေများအရ လည်းကောင်း၊ အခြား

တည်ဆဲဥပဒေများအရလည်းကောင်း အရေးယူဆောင်ရွက်နိုင်တဲ့အပြင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကို ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေအရလည်း အရေးယူဆောင်ရွက်နိုင်ပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ အနေဖြင့် မူးယစ်ဆေးဝါး အမှုများ အရေးယူဆောင်ရွက်ရာတွင် သာမန်ရဲလုပ်ငန်း အားနည်းခြင်းကြောင့် တရားရုံးများတွင် အမှုမှ လွတ်ခြင်းများ ဖြစ်ပေါ်လာပါက တာဝန်ရှိတဲ့ တရားလိုအမှုစစ်နဲ့ သက်သေတပ်ဖွဲ့ဝင်များကို ရဲစည်းကမ်းထိန်းသိမ်းရေး ဥပဒေအရ ထိရောက်စွာ အရေးယူ ဆောင်ရွက်လျက်ရှိပါတယ်။

သို့ပါ၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး မူးယစ်ဆေးဝါး ရောင်းချရာမှ ရရှိသော အကျိုးအမြတ်များဖြင့် ဝယ်ယူထားရှိသော ရွှေ့ပြောင်းနိုင်တဲ့ ပစ္စည်း၊ မရွှေ့ပြောင်းနိုင်တဲ့ ပစ္စည်းများ နဲ့ ပတ်သက်၍ နိုင်ငံတော် ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေး ငွေကြေးခဝါချမှု အက်ဥပဒေဖြင့် ထပ်မံအရေးယူ ဆောင်ရွက်လျက် ရှိပါကြောင်းနှင့် ပြစ်မှုကျူးလွန်သူ ကွင်းဆက်တရားခံများကို အရေးမယူဘဲ ထိမ်ချန်ခဲ့သော တာဝန်ပျက်ကွက်မှုများ ရှိပါက တာဝန်ရှိသူကို ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀:၄၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ် (၄)ဦး မေးမြန်းတဲ့ မေးခွန်းများဟာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ပခန်းကြီးနှင့် ပခန်းငယ်သွားသော ကားလမ်းပေါ်ရှိ တံတားများအနက် ဂျိုက်ကြီးသစ်သားတံတားကို ခိုင်မာသော ကွန်ကရစ်တံတားအဖြစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ပြောင်းလဲဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၄၅။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဒေါက်တာကျော်ငွေ မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၄၅။**

**ဒေါက်တာကျော်ငွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာသော ဧည့်သည်တော်များ၊ ကိုယ်စားလှယ်တော်များနှင့် ဌာနဆိုင်ရာများအားလုံး မင်္ဂလာရှိသော နံနက်ခင်း ဖြစ်ပါစေခင်ဗျား။

ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ရေစကြိုမြို့နယ် ကိုယ်စားပြု အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်ငွေ ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းက ရေစကြိုမြို့နယ်၊ ပခန်းကြီး၊ ပခန်းငယ်သွား ကားလမ်းပေါ်မှာရှိတဲ့ တံတားတွေအနက် ဂျိုက်ကြီး သစ်သားတံတားကို ပြည်ထောင်စုရန်ပုံငွေနဲ့ ခိုင်မာသော ကွန်ကရစ်တံတားအဖြစ် ပြောင်းလဲပေးရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းပဲ ဖြစ်ပါတယ်။ ဒီမေးခွန်း မေးနိုင်ရန်အတွက် ကျွန်တော့်ကို Power Point သုံးခွင့် ပြုပါခင်ဗျား။

ရေစကြိုမြို့နယ်မှာရှိတဲ့ ပခန်းကြီးနဲ့ ပခန်းငယ်သွား ကျေးရွာချင်းဆက်လမ်းဟာ ကုန်ထုတ်လမ်းတစ်ခုဖြစ်ပြီးတော့ အရှည် (၃)မိုင်၊ (၃)ဖာလုံနဲ့ အကျယ်(၁၂)ပေရှိပါတယ်။ ချင်းတွင်း မြစ်ရေတက်လာရင် ရေဝင်နေတဲ့ ဒေသမို့ ရေလွှတ်အောင် တာပေါင်နဲ့ ကတ္တရာခင်းထားတဲ့ လမ်းလေးလည်း ဖြစ်ပါတယ်။ အဲဒီလမ်းဟာ လူစည်ကားတဲ့ ပခန်းကိုကြီးကျော် နတ်ပွဲသွားရာ တစ်ခုတည်းသော လမ်းလည်းဖြစ်ပါတယ်။ အဲဒီလမ်းပေါ်မှာ ပေ(၃၀)ရှည်တဲ့ ကွန်ကရစ်တံတား(၂)စင်း နှင့် ဘေလီတံတား(၁)စင်း၊ ပေ(၅၀)နဲ့ (၁၄၀)ပေရှည်တဲ့ သစ်သားတံတား(၂)စင်းတို့လည်း ရှိကြပါ တယ်။ အဲဒီ တံတားတွေထဲမှာ ပေ(၁၄၀)ရှည်တဲ့ သစ်သားတံတားကို ဂျိုက်ကြီးတံတားလို့ ဒေသအနေနဲ့ ခေါ်ပါတယ်။ ခု ပုံမှာ ပြထားတဲ့ တံတားကြီးဖြစ်ပါတယ်။ အဲဒီ ဂျိုက်ကြီးတံတားကို လွန်ခဲ့တဲ့ ၂၀၀၈-၂၀၀၉ ခုနှစ်လောက်က ကျေးရွာက အလှူရှင်တွေရဲ့ အကူအညီနဲ့ ကိုယ်ထူကိုယ်ထ တည် ဆောက်ခဲ့ကြပြီးတော့ (၁၄)ပေအကျယ်၊ အမြင့်ပေ(၂၀)နဲ့ ခန်းဖွင့်(၈)ခန်းရှိပါတယ်။

တည်ဆောက်စဉ်က ငွေကြေးသုံးစွဲမှုနဲ့ နည်းပညာပိုင်းဆိုင်ရာ ချို့တဲ့ခဲ့၊ အားနည်းခဲ့တဲ့ အတွက် ဂျိုက်ကြီးတံတားဟာ ခိုင်မာမှုအားနည်းကာ နှစ်စဉ်ရေတိုက်စား ပျက်စီးနေခဲ့ ရပါတယ်။ အဲဒီတံတားအောက်မှာ ဝင်တဲ့ မြစ်ရေဟာလည်းပဲ ရေစီးသန်ပြီးတော့ အနက်ဆုံးနေရာလို့ သိရပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ကျေးလက်ဒေသဖွံ့ဖြိုးရေး ဦးစီးဌာနကနေပြီးတော့ ပျက်စီးသွားတဲ့ ရေလယ်တိုင်နဲ့ ကြမ်းခင်းပြင်တွေကို ပြုပြင်ပေးခဲ့ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေး နှစ်မှာတော့ တံတားထိပ်များမှာရှိတဲ့ ကျောက်ရိုးစီ ကမ်းကပ်ခုံနဲ့ မြေကာနံရံများကိုလည်း ပြုပြင်ပေး ခဲ့ပါတယ်။ ဒါပေမယ့်လို့ ၂၀၁၈-၂၀၁၉ ခုနှစ်မှာ တံတားတိုင်များရဲ့ အောက်ခြေများဟာ ပုံပါအတိုင်း ဖောင်ဒေးရှင်းများဟာ နိမ့်ကျွံကျသွားကြပြန်ပါတယ်။

အဆိုပါလမ်းဟာ ဒေသတွင်း ကျေးလက်မှာရှိတဲ့ ကျေးရွာ(၂၂)ရွာက လူဦးရေ(၁၇၀၀၀) ကျော်တို့ရဲ့ နေ့စဉ် ဖြတ်ကျော်ကူးသန်းနေတဲ့ ကျေးလက်လမ်းများ ဖွံ့ဖြိုးရေး ဦးစီးဌာနကနေ ပြီးတော့ ပြည်ထောင်စု ပြုပြင်ထိန်းသိမ်းရေး ရန်ပုံငွေနဲ့ ၂၀၁၈ - ၂၀၁၉ ခုနှစ်က နည်းနည်းလေး ထပ်မံပြီးတော့ ပြုပြင်ပေးထားပါတယ်။ ဒါ အောက်ခြေလေးတွေကို ပြင်ထားတဲ့ပုံပါ။ ဒါပေမယ့် လည်း တံတားနေရာဟာ စောစောကပြောသလို ရေစီးသန်ခြင်းကြောင့် လက်ရှိပြုပြင်ထားမှုများဟာ ဝန်နဲ့အားမမျှတဲ့အတွက် တံတားကြံ့ခိုင်ရေးဟာ ရတက်မအေးနိုင်စရာ ဖြစ်နေပါတယ်။ ဒါ့အပြင်

ယခုအခါမှာ ရေလယ်ကျွန်းကနေပြီးတော့ ဒီပသရဖူဇက်ရေယာဉ်ကလည်း ကူးနေတဲ့အတွက် နေ့စဉ် ကုန်တင်ကားကြီးတွေနဲ့ တပေါင်းလ ကိုကြီးကျော်နတ်ပွဲရာသီမှာ နတ်ပွဲလာများစွာသော မော်တော်ယာဉ်များ ကူးသန်းသွားလာရေး အဆင်ပြေနိုင်စေရန် ခိုင်မာတဲ့ကွန်ကရစ်တံတားတစ်စင်းဖြစ်ဖို့ လိုအပ်နေပါတယ်။ နှစ်စဉ်ပျက်ပျက်နေတဲ့အတွက် သွားရေးလာရေး ဒုက္ခအလွန်ပေးပါတယ်။ ဒါကြောင့် လာမယ့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှာ ပြည်ထောင်စုရန်ပုံငွေနဲ့ ဒီတံတားကြီးကို ခိုင်မာတဲ့ ကွန်ကရစ်တံတားအသစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ သိလိုပါကြောင်း ဥက္ကဋ္ဌကြီးကတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ရေစကြိုမြို့နယ်၊ ပခန်းကြီး - ပခန်းငယ် ကတ္တရာကားလမ်း မြင်ကွင်းပုံ (စ)

ဒီလမ်းဟာ လူစည်ကားတဲ့ ပခန်း ကိုကြီးကျော်နတ်ပွဲ သွားရာ တခုတည်းသော ကားလမ်းလည်း ဖြစ်ပါတယ်။ ဒီလမ်းပေါ်မှာ ပေ ၃၀ ရှည်တဲ့ ကွန်ကရစ်တံတား ၂ စင်းနှင့် ဗေလီတံတား ၁စင်း၊ ပေ၅၀နှင့် ပေ ၁၄၀ ရှည်တဲ့ သစ်သား တံတား ၂ စင်းတို့ လည်း ရှိကြ ပါတယ်။



(၁၄၀)ပေ ရှည်သော သစ်သားတံတား(ဂျိုက်ကြီးတံတား) မြင်ကွင်းပုံ (စ-၁)



ဂျိုက်ကြီးတံတား၏ မြင်ကွင်းပုံ (စ-၂)




**မောင်တောမြို့နယ်၊ ၄-မိုင်ရပ်ကွက်၊ သာယာကုန်းကျေးရွာရှိ သစ်သားတံတားအား ကွန်ကရစ်တံတားအဖြစ် အသစ်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၄၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ကျော်ဝင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၄၉။**

**ဦးကျော်ကျော်ဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။** ။ အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်ဝင်း ဖြစ်ပါတယ်။ မောင်တောမြို့နယ်၊ မကျည်းကုန်းကျေးရွာ၊ သာယာကုန်းကျေးရွာ၊ ငွေတောင်ကျေးရွာသို့ ဆက်သွယ်ထားသည့် ကျေးရွာချင်းဆက် တံတားတစ်စင်းဖြစ်ပါတယ်။ ယခုအခါ အဆိုပါ တံတားအား သစ်သားဟောင်းများဖြင့် ပြုပြင်ထားသည်ကို တွေ့ရှိရပါသည်။ ထပ်မံပျက်စီးမည်ဆိုပါကငွေတောင်ကျေးရွာနှင့် သာယာကုန်းကျေးရွာကို ပြည်သူများ စိုက်ပျိုးရေးနှင့် တောင်ယာလုပ်ငန်းများကို အသက်မွေးဝမ်းကျောင်းအဖြစ် လုပ်ကိုင်စားသောက်ရသည့်အတွက် အဆိုပါတံတားကို ဖြတ်သန်းပြီး မောင်တောမြို့သို့ နေ့စဉ် ဈေးသွားရောက်ရောင်းချရာတွင် လည်းကောင်း၊ ကျောင်းသူ၊ ကျောင်းသားများ ၄-မိုင် အ.ထ.ကကျောင်းသို့ ပညာသင်ကြားရန် သွားလာရသည့်အတွက်လည်းကောင်း၊ အရေးပေါ်အခြေအနေဖြစ်၍ ကျန်းမာရေးအတွက်သော်လည်းကောင်း အခက်အခဲများ ကြုံတွေ့ရမှာ ဖြစ်ပါသည်။ မောင်တောမြို့နယ် ၄- မိုင်ရပ်ကွက်၊ သာယာကုန်းကျေးရွာရှိ သစ်သားတံတားအား ကွန်ကရစ်တံတားအဖြစ် အသစ်တည် ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ ကျောက်ချောင်း – ကျောက်နီမော်လမ်းပိုင်းအား လာမည့် ဘဏ္ဍာရေး နှစ်တွင် ရာသီမရွေးသွားလာနိုင်သော ကျောက်ချောလမ်းအဖြစ် ဘဏ္ဍာငွေလုံလောက်စွာဖြင့် ပြည်ထောင်စုနှင့် ပြည်နယ်ဘဏ္ဍာငွေတို့ဖြင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် အဆိုပါလမ်းပိုင်းနှင့် ပတ်သက်၍ စာချုပ်ပါအတိုင်း ဆောင်ရွက်မှုမရှိခဲ့သော သက်ဆိုင်ရာ ကုမ္ပဏီအား မည်သို့အရေးယူဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းတို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၅၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၅၀။**

**ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံး မင်္ဂလာပါ။ ဥက္ကဋ္ဌကြီးရှင် ကျွန်မရဲ့ မေးခွန်းအား Power Point ဖြင့် တင်ပြခွင့်ပြုပါရန် လေးစားစွာ ခွင့်တောင်းခံအပ်ပါတယ်။ ကျွန်မရဲ့ မဲဆန္ဒနယ် ဖြစ်တဲ့ ရမ်းဗြဲမြို့နယ်၊ ကျောက်ချောင်း – ကျောက်နီမော်လမ်းပိုင်းကို လာမယ့် ဘဏ္ဍာနှစ်မှာ ရာသီမရွေး သွားလာနိုင်တဲ့ ကျောက်ချောလမ်းအဖြစ် ဘဏ္ဍာငွေ လုံလောက်စွာနဲ့ ပြည်ထောင်စုနဲ့ ပြည်နယ် ဘဏ္ဍာငွေတို့ဖြင့် ပေါင်းစပ်ညှိနှိုင်းပြီးတော့ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ ဒီ လမ်းပိုင်းကို ဆောင်ရွက်ခဲ့တဲ့ ကုမ္ပဏီက စာချုပ်ပါအတိုင်း ဆောင်ရွက်ခဲ့တာ မရှိတဲ့အပေါ်မှာ ဘယ်လိုအရေးယူ ထားလဲဆိုတာနဲ့ ပတ်သက်ပြီးတော့ မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်ရှင်။

ဒီ ကျောက်ချောင်း–ကျောက်နီမော် လမ်းပိုင်းဟာ (၁၈)မိုင်ရှိပါတယ်။ ဒါကို ၂၀၁၀ ပြည့်နှစ် ကတည်းက စပြီးတော့ ပြည်ထောင်စုက ဘဏ္ဍာငွေများစွာနဲ့ ဆောင်ရွက်ခဲ့တဲ့ လမ်းဖြစ်ပါတယ်။ ၂၀၁၀–၂၀၁၁ ဘဏ္ဍာရေးနှစ် မှာဆိုလို့ရှိရင် ရန်ပုံငွေကျပ်သန်း(၉၀)၊ ၂၀၁၂–၂၀၁၃ ဘဏ္ဍာရေးနှစ် မှာဆိုလို့ရှိရင် မြေသားလမ်းအတွက် ရခိုင်ရိုးမ ကုမ္ပဏီက နေပြီးတော့ ပြည်ထောင်စုရန်ပုံငွေကျပ် (၁၀.၄၄)သန်း၊ နောက်တစ်ဖန် ၂၀၁၃–၂၀၁၄ ဘဏ္ဍာရေးနှစ် မှာလည်းပဲ ကွန်ကရစ် လမ်းခင်းဖို့ အတွက် ပြည်ထောင်စုရန်ပုံငွေကျပ်(၁၉.၃၆)သန်း၊ နောက် နှင်းသီရိ ကုမ္ပဏီကဆိုလို့ရှိရင် ၂၀၁၃– ၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ပြည်ထောင်စုရန်ပုံငွေကျပ် (၂၃.၉၇)သန်းနဲ့ မြေသားလမ်းတွေကို အသီးသီး ဆောင်ရွက်ခဲ့ပါတယ်။ နောက် ဒီလမ်းနဲ့ ပတ်သက်ပြီးတော့ ၂၀၁၄–၂၀၁၅ ဘဏ္ဍာရေးနှစ်မှာလည်း နှင်းသီရိကုမ္ပဏီကပဲ ကျပ်(၂၃.၂၀)သန်းဖြင့် ကွန်ကရစ်လမ်း ဆောင်ရွက်ခဲ့ပါတယ်။ ဒီလိုမျိုး နှစ်စဉ် ၂၀၁၄–၂၀၁၅ ဘဏ္ဍာရေးနှစ်မှာလည်း ပြည်ထောင်စုရန်ပုံငွေကျပ်(၁၃၆)သန်းပါပါတယ်။ ဒါကို ကျောက်ခင်းလမ်း တစ်ပိုင်းတစ်စတွေ ဆောင်ရွက်ထားတာ ရှိပါတယ်။ ၂၀၁၄–၂၀၁၅ ဘဏ္ဍာရေးနှစ် မှာလည်းပဲ ကျပ်(၃၄၂)သန်း မြေသားလမ်းဆောင်ရွက်ပြန်တယ်။ နောက် ၂၀၁၅–၂၀၁၆ ဘဏ္ဍာရေးနှစ်

မှာ ကွန်ကရစ်တံတား (၄၀) ဆောင်ရွက်တာ နောက် ၂၀၁၅–၂၀၁၆ ဘဏ္ဍာရေးနှစ်မှာပဲ Box Culvert (၂၄)ခု ပြည်ထောင်စုရန်ပုံငွေ ကျပ်သန်း(၆၀)နဲ့ ဆောင်ရွက်တာ တစ်ဖန် Box Culvert (၂၄)စင်းကိုလည်း ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၁၆–၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ်(၂၅)သန်းကနေပြီးတော့ ရက်(၁၀၀) စီမံကိန်းမှာ အသီးသီးဆောင်ရွက်ခဲ့တာ လေ့လာသိရှိခဲ့ရပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးရှင်။ ဒီ (၁၈)မိုင်ရှိတဲ့ လမ်းကို နှစ်အလိုက် ဆောင်ရွက်တဲ့ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ ကျပ်သန်းပေါင်း(၂၅၀၀.၉၇၆)သန်းနဲ့ ဆောင်ရွက်ခဲ့ပါတယ်။ ဒါပေမဲ့ ၂၀၁၅–၂၀၁၆ ဆောင်ရွက်ခဲ့တဲ့ နှင်းသီရိကုမ္ပဏီအနေနဲ့ နိုင်ငံတော်ဘဏ္ဍာငွေကျပ် (၁၈၃၀) သန်း ဖြစ်နေပြီးတော့ စာချုပ်ပါ စည်းမျဉ်းစည်းကမ်းများနဲ့ ဆောင်ရွက်ခဲ့ပေမယ့် တကယ်တမ်း ကျလို့ရှိရင် စည်းမျဉ်းစည်းကမ်းတွေကို တိကျစွာ ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ပါဘူး။ နေရာအလိုက် တောင်ပြိုတာ တွေ ကျွန်မတို့ ကိုယ်တိုင်ကွင်းဆင်းတဲ့အခါမှာ တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ ဒီလိုမျိုးလမ်းက ပေးထားတဲ့ ဘတ်ဂျက်နဲ့ ဆောင်ရွက်နေတဲ့ ကုမ္ပဏီရဲ့ ဆောင်ရွက်ချက်၊ သက်ဆိုင်ရာဌာနများရဲ့ ကြီးကြပ်မှုအားနည်းတဲ့အတွက်ကြောင့်မို့လို့ ဒီလမ်းနဲ့ပတ်သက်ပြီး စိစစ်ခွင့်ပြုဖို့အတွက် မြို့နယ် စီမံခန့်ခွဲရေးကော်မတီက အဖွဲ့ဖြင့် ကွင်းဆင်းစိစစ်ဖို့အတွက် ရခိုင်ပြည်နယ်အစိုးရက လမ်းညွှန်ချက် ပေးခဲ့တဲ့အတွက်ကြောင့် ဒီ စာချုပ် အပိုဒ်(၁၃)နဲ့ ပတ်သက်ပြီး ကမ်းကပ်ခံ နှစ်ဘက်စလုံး ပြိုကျနေတဲ့ အရာတွေ (၅)နှစ်မပြည့်မီ စာချုပ်သက်တမ်းပါ နှစ်မပြည့်မီမှာ လမ်းတွေအပိုင်းပိုင်း ဆောင်ရွက် ခဲ့တာနဲ့ ပတ်သက်ပြီး ကုမ္ပဏီအနေနဲ့ ဆောင်ရွက်ပေးဖို့အတွက် သက်ဆိုင်ရာက စာထုတ်ခဲ့ပါတယ်။ ဒါပေမဲ့ ၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ်အထိ အကြောင်းကြားခဲ့ပေမယ့် တကယ်တမ်း လက်ရှိမှာ ဆောင်ရွက်ထားခြင်း မရှိသေးပါဘူး။ ဒါကြောင့်မို့လို့ ဒီကုမ္ပဏီအနေနဲ့ စာချုပ်ပါအတိုင်း တာဝန်ယူမှု၊ တာဝန်ခံမှုမရှိတာကို ဌာနကလည်း လျစ်လျူရှုတာကို တွေ့ရပါတယ်။ ဒါကြောင့် ကိုယ်စားလှယ်နဲ့ ကွင်းဆင်းစစ်ဆေးတဲ့ ဓာတ်ပုံ တချို့တွေကို ကျွန်မ ပြချင်ပါတယ်။ ဘတ်ဂျက်အများကြီးတွေနဲ့ ဆောင်ရွက်ခဲ့တဲ့လမ်းဟာ ဒီလိုမျိုး ဒလဟော ပေါက်နေပါတယ်။ မိုးရာသီမှာ လုံးဝသွားလို့ မရပါဘူး။ လွန်ခဲ့တဲ့ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လမှာ ကျွန်မ ကိုယ်တိုင်သွားရိုက်ခဲ့တဲ့ ဓာတ်ပုံတွေပဲ ဖြစ်ပါတယ်။ ဒီလမ်းဟာ လမ်းနဲ့ မတူဘဲနဲ့ ဒီလောက် ဘတ်ဂျက်အများကြီး သုံးထားခဲ့တဲ့ဟာက လမ်းကြောင်း တောင်မှ ဒီလိုမျိုး မရှိခဲ့ပါဘူး။

အမှန်ဆိုလို့ရှိရင် ဘယ်လိုမှ ဒီဘတ်ဂျက်ကနေပြီးတော့ အံဝင်ခွင်ကျဖြစ်တဲ့လမ်း ဆောင်ရွက် ခဲ့တာ မရှိခဲ့ပါဘူး။ ဒါပေမဲ့ ဒီလိုမျိုးဆောင်ရွက်ချက်တွေကို သက်ဆိုင်ရာဌာနဆိုင်ရာတွေက ပြီးစီး ကြောင်း လက်မှတ်ထိုး အတည်ပြုခဲ့ကြပါတယ်။ ကျွန်မတို့ မိုးရာသီက ဓာတ်ပုံ၊ ဆောင်းရာသီက ဓာတ်ပုံ၊ နွေရာသီဓာတ်ပုံ ဒီလိုမျိုး အကြောင်းကြားခဲ့ပေမယ့် ကုမ္ပဏီအနေနဲ့ လာပြီးဆောင်ရွက်လို့ ရအောင် သက်ဆိုင်ရာဌာနဆိုင်ရာက လုံးဝကွပ်ကဲမှု အားနည်းခဲ့ပါတယ်။ လက်ရှိပြင်ဆင်နေတဲ့ ပုံပါ။

ဒါ မနေ့ကမှ ရတဲ့ပုံတွေ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ် မေးခွန်းမေးတော့မှသာလျှင် နေပြည်တော် ဌာနဆိုင်ရာမှ အပူတပြင်းဆောင်ရွက်ပါတယ်။ ဒီလိုမျိုး အောက်ခြေမှာ ဖြစ်နေတဲ့ ကိစ္စတွေကို တိုင်တွေနဲ့ ဒီလိုမျိုး လက်ပူတိုက်ပြီးတော့ ဖြေရှင်းနေတာ တွေ့ရပါတယ်။ အင်မတန်မှ စိတ်မကောင်းစရာ ဖြစ်ရပါတယ်။ ဒါကြောင့်မို့လို့ သက်ဆိုင်ရာ ဌာနအနေနဲ့ တာဝန်ယူမှု၊ တာဝန်ခံမှု အားနည်းတဲ့ ကုမ္ပဏီကို ဘယ်လိုဆောင်ရွက်နေလဲ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဌာနကို လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ကျောက်ချောင်း – ကျောက်နီမော်လမ်းပိုင်း ၂၀၁၈ ခုနှစ်၊ ဩဂုတ်လတွင် လမ်းပေါက်များ ဖြစ်ပေါ်နေသည့် မြင်ကွင်းပုံ (ဆ)



ကျောက်ချောင်း – ကျောက်နီမော်လမ်းပိုင်းတွင် တံတားများ ပျက်စီးနေသည့် မြင်ကွင်းပုံ (ဆ–၁)



ကျောက်ချောင်း - ကျောက်နီမော်လမ်းပိုင်း ပြန်လည်ပြုပြင်ရာတွင် အရည်အသွေး မပြည့်မီမှု အခြေအနေ မြင်ကွင်းပုံ (ဆ-၂)



**ရောဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ်၊ နတ်စင်ငူကျေးရွာနှင့် ကျုံပျော်မြို့နယ်၊ သောင်ကျေးရွာအုပ်စု၊ မှန်ကုန်းကျေးရွာတို့အား တစ်ဖက်စီခြားထားသည့် နတ်စင်ငူချောင်းအား (၂)မြို့နယ် ဆက်သွယ် သွားလာနိုင်ရန် သင့်လျော်သည့် ကွန်ကရစ် RC တံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၅၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဆန်းမြင့် မေးမြန်းဖို့ ဖြစ်ပါတယ်။


**အချိန်၊ ၁၀:၅၄။**

**ဦးဆန်းမြင့်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့်တကွ အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးဆန်းမြင့် ဖြစ်ပါတယ်။ နတ်စင်ငူချောင်းဟာ ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ်၊ နတ်စင်ငူကျေးရွာနဲ့ ချောင်းရဲ့ တစ်ဖက်မှာ ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော် မြို့နယ်၊ သောင်ကျေးရွာအုပ်စု၊ မှန်ကုန်းကျေးရွာတို့ရဲ့ နှစ်မြို့နယ်ကြားမှာ စီးဆင်းလျက်ရှိတဲ့ ချောင်းဖြစ်ပါတယ်။ အဆိုပါ နှစ်မြို့နယ်ခြားထားတဲ့ နတ်စင်ငူချောင်းပေါ်မှာ သင့်လျော်တဲ့ ကွန်ကရစ် RCC တံတားငယ်တစ်စင်း တည်ဆောက်ပေးမယ်ဆိုရင် ရေကြည်မြို့နယ်နဲ့ ကျုံပျော် မြို့နယ် နှစ်မြို့နယ် အတွင်းမှာရှိတဲ့ ကျေးရွာအုပ်စု(၁၅)အုပ်စု၊ ကျေးရွာခွဲ(၈၁)ရွာ၊ အိမ်ခြေ(၇၂၁၉)


အိမ်၊ အိမ်ထောင်စု (၇၇၆၀)စု၊ လူဦးရေ (၂၈၁၀၃)ဦး တို့ရဲ့ အကျိုးစီးပွား အထူးများပြားစွာ တိုးတက်လာမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point တင်ပြခွင့် တောင်းခံအပ်ပါတယ်။

ယခုဖော်ပြနေတဲ့ စာရင်းဇယားတွေဟာ (၂)မြို့နယ်မှာရှိနေတဲ့ အိမ်ထောင်စုတွေ၊ လူဦးရေတွေက နတ်စင်ငူချောင်းကို အားကိုးအားထားပြုပြီးတော့ မလွဲသာ မရှောင်သာ သွားနေရပါတယ်။ အခုဖော်ပြတဲ့ Power Point ကတော့ နတ်စင်ငူချောင်းဟာ တံတားမရှိလို့ ဝါးဖောင်နဲ့ အန္တရာယ်ကြီးစွာ ဖြတ်သန်းသွားလာနေရတဲ့ ပုံများဖြစ်ပါတယ်။ ဒီဖော်ပြပါ (၂)မြို့နယ်အတွင်းမှာရှိတဲ့ ကျေးရွာများမှာ ရေကြည်မြို့နယ်နဲ့ ကျုံပျော်မြို့နယ်များကိုလည်းကောင်း၊ ကျေးရွာအချင်းချင်းသို့လည်းကောင်း ကူးသန်းသွားလာကြရာမှာ ရေကြည်မြို့နယ်၊ နတ်စင်ငူကျေးရွာနဲ့ ကျုံပျော်မြို့နယ်သောင်ကျေးရွာအုပ်စု၊ မှန်ကုန်းကျေးရွာတို့ကို တစ်ဖက်စီခြားထားတဲ့ နတ်စင်ငူ၊ ကျုံမရမ်း၊ သုံးဂွကူးတို့ဆိပ်က လှေ၊ ဝါးဖောင်တို့ဖြင့် ခက်ခဲပင်ပန်းကြီးစွာ ကူးသန်းသွားလာကြရပါတယ်။ မိုးတွင်းကာလမှာဆိုရင် နတ်စင်ငူချောင်းဟာ ရေစီးအားသန်တဲ့အတွက် ကူးသန်းသွားလာကြတဲ့အခါမှာ အလွန်အန္တရာယ်ကြီးမားကြပါတယ်။ ဒီ အခြေအနေကြောင့် ဒေသခံကျေးရွာနေ ပြည်သူတို့ဟာ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးအစရှိသည်တို့မှာ လွန်စွာ နိမ့်ကျလျက်ရှိနေပါတယ်။ (၂)မြို့နယ်ကို ဆက်သွယ်သွားလာနိုင်မယ့် နတ်စင်ငူချောင်းကူးတံတား တည်ဆောက်ပေးမည်ဆိုပါက ရဟန်းရှင်လူ၊ ကျောင်းသူ၊ ကျောင်းသားများ ဘေးရန်ကင်းစွာ သွားလာနိုင်မည့်အပြင် ဒီဒေသနေပြည်သူများရဲ့ ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ်၊ နတ်စင်ငူကျေးရွာနဲ့ ဧရာဝတီတိုင်းဒေသကြီး၊ကျုံပျော်မြို့နယ်၊ သောင်ကျေးရွာ မှန်ကုန်းကျေးရွာတို့အား တစ်ဖက်ဆီ ခြားထားတဲ့ နတ်စင်ငူချောင်းအား (၂)မြို့နယ် ဆက်သွယ်သွားလာနိုင်သော သင့်လျော်တဲ့ ကွန်ကရစ် RCC တံတားငယ် ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိကို မဲဆန္ဒနယ် ပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

နတ်စင်ငူချောင်းတံတား တည်ဆောက်ပေးပါက ရေကြည်မြို့နယ်၊ ကျုံပျော်မြို့နယ် တို့မှ ကျေးရွာများကို အကျိုးပြုမည်ဖြစ်ကြောင်း စာသားပြပုံ (၈)



နတ်စင်ငူချောင်းတံတား တည်ဆောက်ပြီးပါက အကျိုးဖြစ်ထွန်းစေမည့် အကျိုးပြု ဧရိယာအတွင်းရှိ ကျေးရွာအုပ်စုများ၏ အိမ်ခြေ၊ အိမ်ထောင်စု လူဦးရေနှင့် ပညာရေး၊ ကျန်းမာရေး အချက်အလက် ပြစာရင်း (၈-၁)



ဝါးဖောင်ဖြင့် ခက်ခဲပင်ပန်းကြီးစွာ ကူးသန်းသွားလာနေရသည် မြင်ကွင်းပုံ (၈-၂)




**အချိန်၊ ၁၀:၅၈။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀:၅၈။**

**ဒေါက်တာကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်း ဖြစ်ပါတယ်။

ကျွန်တော့်အနေဖြင့် မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်ငွေ မေးမြန်းထားတဲ့ မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ပခန်းကြီးနှင့် ပခန်းငယ်သွားသော ကားလမ်းပေါ်ရှိ တံတားများအနက် ဂျိုက်ကြီးသစ်သားတံတားကို ခိုင်မာသော ကွန်ကရစ်တံတားအဖြစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ပြောင်းလဲဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းအား ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်အတွင်းရှိ ဂျိုက်ကြီးတံတားသည် ပခန်းကြီး၊ ပခန်းငယ် ကျေးရွာချင်းဆက်လမ်းပေါ်တွင် တည်ရှိပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသော တံတား ဖြစ်ပါတယ်။ အဆိုပါ တံတားသည် ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်အကြားရှိ ကျွန်းထဲကျေးရွာတို့မှ ကုန်ထုတ်လမ်းအဖြစ် အသုံးပြုလျက်ရှိသော လမ်းပေါ်တွင်ရှိပြီး ကျေးရွာ (၂၂)ရွာ၊ အိမ်ခြေပေါင်း (၃၈၀၀)ကျော်၊ လူဦးရေ(၁၇၀၀၀)ဦးတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးပြုသော တံတားဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး မေးမြန်းထားတဲ့ ဂျိုက်ကြီးသစ်သားတံတားသည် လမ်းအဆင့်သတ်မှတ်ချက် Class (B) လမ်းအဆင့်သတ်မှတ်ချက် အဆင့်(၁)လမ်းပေါ်တွင် တည်ရှိသဖြင့် ကွန်ကရစ်တံတားအဖြစ် တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေတွင် ထည့်သွင်းလျာထားပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီး ကျွန်တော့်အနေဖြင့် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်ဝင်း မေးမြန်းထားတဲ့ မောင်တောမြို့နယ်၊ ၄-မိုင်ရပ်ကွက်၊ သာယာကုန်းကျေးရွာရှိ သစ်သားတံတားအား ကွန်ကရစ်တံတားအဖြစ် အသစ်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းအား ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ပေးပို့လာသော အချက်အလက်များဖြင့် ပေါင်းစပ်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၊ ၄-မိုင်ရပ်ကွက်၊ သာယာကုန်းကျေးရွာရှိ တံတားအမှတ်(၇) သစ်သားတံတားသည် (၅၀ x ၂၀)ပေ သတ်မှတ်ချက် Class (A) ဦးစားပေး အဆင့်(၂) လမ်းဖြစ်သည့် ငွေတောင် -သာယာကုန်း- မကျည်းကုန်းလမ်းပေါ်တွင် တည်ရှိပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသော တံတားဖြစ်ပါတယ်။ အဆိုပါတံတားအား အဆင့်မြှင့်တင်ပြီးပါက ကျေးရွာ(၅)ရွာ၊ အိမ်ခြေ(၃၀၀)ကျော်၊ လူဦးရေ(၁၄၅၀)ဦးတို့ တိုက်ရိုက်အကျိုးပြုမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးမေးမြန်းထားတဲ့ ကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်နယ်ရန်ပုံငွေတွင် ထည့်သွင်းလျာထားပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ပေးပို့လာသော အချက်အလက်များဖြင့် ပေါင်းစပ်ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီး ကျွန်တော့်အနေဖြင့် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ထုမေ မေးမြန်းထားတဲ့ ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ ကျောက်ချောင်း-ကျော်နီမော်လမ်းပိုင်းအား လာမည့်ဘဏ္ဍာရေးနှစ်တွင် ရာသီမရွေးသွားလာနိုင်သော ကျောက်ချောလမ်းအဖြစ် ဘဏ္ဍာငွေလုံလောက်စွာဖြင့် ပြည်ထောင်စုနှင့် ပြည်နယ်ရန်ပုံငွေတို့ဖြင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် အဆိုပါ လမ်းအပိုင်းနှင့် ပတ်သက်၍ စာချုပ်ပါအတိုင်း ဆောင်ရွက်မှုမရှိခဲ့သော သက်ဆိုင်ရာ ကုမ္ပဏီအား မည်သို့အရေးယူဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းတို့နှင့် စပ်လျဉ်းတဲ့ မေးခွန်းအား ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ပေးပို့လာသော အချက်အလက်များဖြင့် ပေါင်းစပ်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး မေးမြန်းထားတဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင်၊ ရမ်းဗြဲမြို့နယ်အတွင်း ဆောင်ရွက်ခဲ့သော ကျောက်ချောင်း-ကျောက်နီမော်လမ်း ပျက်စီးမှုကို မေးမြန်းခြင်း ဖြစ်ပြီးတော့ အဆိုပါ လမ်းသည် အဆိုပါအချိန်က မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူ ဆောင်ရွက်ခဲ့တဲ့ လမ်းဖြစ်ပြီးတော့ အဆိုပါ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှပဲ စာချုပ် ချုပ်ဆိုခဲ့တဲ့ တာဝန်ပေးခဲ့တဲ့ လမ်းဖြစ်ပါတယ်။ အဆိုပါလုပ်ငန်းတွေအားလုံးဟာ ကျွန်တော်တို့ဝန်ကြီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှ တစ်နိုင်ငံလုံးအတိုင်းအတာအရ ကျေးလက်လမ်းတွေကို ကျွန်တော်တို့ လွှဲပြောင်းရယူခဲ့ပါတယ်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် မိုးရာသီကာလ ကျောက်ချောလမ်းပိုင်း (6.4)Km နဲ့ (8)Km အကြားမှာ တောင်ပြိုမြေပြိုခြင်း၊ (4.8) Km နဲ့ (8) Km အကြားမှာ လမ်းသားများ ပျက်စီးနေခြင်း၊ (၃၀ X ၁၈)ပေ သစ်သားတံတားမှာ ကမ်းနှစ်ဖက်ပြိုကျပျက်စီးနေခြင်း၊ (၄၀)ပေ တံတား(၁)စင်းနှင့် (၁၀)ပေတံတား (၂)စင်း၊ Box Culvert များ ပျက်စီးနေခြင်းတို့ဖြစ်ပေါ်နေသဖြင့် နှင်းသီရိကုမ္ပဏီသို့ အမြန်ဆုံး ပြုပြင်ပေးရန် အကြောင်းကြားခဲ့ရာ ကုမ္ပဏီမှ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလမှစ၍ ပျက်စီးနေသော တံတားများအား ပြန်လည်ပြုပြင်တည်ဆောက်ပေးခဲ့ပြီး လမ်းပိုင်းပျက်စီးမှုများကို ၂၀၂၀ ပြည့်နှစ်၊ မတ်လကုန်တွင် ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်းကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ဖြေကြားလာပါတယ်။ ရမ်းဗြဲမြို့နယ်၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့်လည်း ၂၀၁၉- ၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းရန်ပုံငွေဖြင့် (8)Km မှ (11.2) Km အထိ

အရှည် (3.2) Kmအတွင်း လမ်းအနိမ့်အမြင့် ဖြေညှိခြင်းလုပ်ငန်းများနှင့် (11.2)Km မှ (12.8) Km အတွင်း လမ်းသားပဲ့ကျနေသော အရှည်(200)m ပြုပြင်ရေးလုပ်ငန်းတို့ကို ဆောင်ရွက်လျက်ရှိရာ (၇၀)ရာခိုင်နှုန်းခန့် ပြီးစီးနေပြီ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး မေးမြန်းထားတဲ့ ကျောက်ချောင်း - ကျောက်နီမော် လမ်းပိုင်းပျက်စီးမှုများကို လက်ရှိအခြေအနေတွင် နှင်းသီရိကုမ္ပဏီမှပြုပြင်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ ဒါလည်းပဲ ကျွန်တော်တို့အနေနဲ့က ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကိုပဲ ကျွန်တော်တို့က ဒီမေးခွန်း ဒီလိုမေးထားပါတယ်ဆိုပြီး အကြောင်းကြားရပါတယ်။ အကြောင်းကြားပြီးတော့မှ ၂၀၁၅-၂၀၁၆ ခုနှစ် ယခင် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနက ရခိုင်ပြည်နယ်အစိုးရအဖွဲ့နဲ့ ပေါင်းစပ်ဆောင်ရွက်ခဲ့တဲ့လမ်းကို ဘယ်လိုအရေးယူထားပါလဲ။ ဒါကို ပြန်လည်ပြင်ဆင်ပြီးဖြစ်ပါကြောင်းဆိုပြီး ရခိုင်ပြည်နယ်အစိုးရအဖွဲ့အနေနဲ့ အကြောင်းပြန်ကြားလာပါတယ်။ ကျွန်တော်တို့ဌာနအနေနဲ့လည်းပဲ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် နောက်ပိုင်းကာလတွေမှာ ရန်ပုံငွေထည့်သွင်းလျာထားပြီးတော့ ဒီလမ်းကို ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီး အဆင့်မြှင့်တင် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ပေးပို့လာသော အချက်အလက်များဖြင့် ပေါင်းစပ်ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီး ကျွန်တော့်အနေဖြင့် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဆန်းမြင့် မေးမြန်းထားတဲ့ ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ်၊ နတ်စင်ငူကျေးရွာနှင့် ကျုံပျော်မြို့နယ်၊ သောင်ကျေးရွာအုပ်စု၊ မှန်ကုန်းကျေးရွာအုပ်စုတို့ကို တစ်ဖက်စီခြားထားသည့် နတ်စင်ငူချောင်းအား (၂)မြို့နယ်ဆက်သွယ် သွားလာနိုင်ရန် သင့်လျော်သည့် ကွန်ကရစ် RC တံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းအား ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပေးပို့လာသော အချက်အလက်များဖြင့် ပေါင်းစပ်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ကွန်ကရစ်တံတားအသစ် တည်ဆောက်မည့် နတ်စင်ငူချောင်းသည် ရေကြည်မြို့နယ်၊ နတ်စင်ငူကျေးရွာနှင့် ကျုံပျော်မြို့နယ်၊ မှန်ကုန်းကျေးရွာတို့၏ (၂)မြို့နယ်ကြားတွင် တည်ရှိသော ချောင်းဖြစ်ပြီး အဆိုပါ ကျေးရွာများမှ ပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူတို့သည် ကူးတို့ဆိပ်မှ ဖောင်များဖြင့် နေ့စဉ် ဖြတ်သန်းသွားလာရကြောင်း သိရှိရပါတယ်။ တံတားတည်ဆောက်မည့် နေရာသည် ရေကြည်မြို့နယ်တွင် လမ်းအဆင့်သတ်မှတ်ချက်အရ Class(B) ဦးစားပေးအဆင့် (၁)လမ်းဖြစ်သည့် အင်းလျှားကုန်း-သံဒင်း-နတ်စင်ငူ-ဇရပ်လှလမ်း အရှည် (၉)မိုင် (၂)ဖာလုံနှင့် ကျုံပျော်မြို့နယ်တွင် လမ်းအဆင့်သတ်မှတ်ချက်အရ Class (A) ဦးစားပေးအဆင့်(၁)လမ်းဖြစ်သည့် ကျုံပျော်- ရွာသစ်-ပျဉ်ချဆိပ်-ကြို့ကုန်း-သောင်ရွာ- မှန်ကုန်း လမ်းအရှည်(၄)မိုင် (၁.၄၈)ဖာလုံတို့ကို ဆက်သွယ်သည့် နေရာတွင်တည်ရှိပါတယ်။ အဆိုပါနေရာတွင် ကွန်ကရစ်တံတား(၃၀၀)ပေ (၁)စင်း

နှင့် ချဉ်းကပ်လမ်း တည်ဆောက်မည်ဆိုပါက ကျေးရွာ(၈၁)ရွာ၊ အိမ်ခြေ(၇၂၁၉)အိမ်၊ လူဦးရေ (၂၈၁၀၀)ဦး တို့ကို အကျိုးပြု မှာဖြစ်ပါတယ်။ ရေကြည်မြို့နယ်ဘက်ခြမ်းတွင် တံတားချဉ်းကပ်လမ်း ဆောင်ရွက်ပေးရန် လွယ်ကူသော်လည်း ကျုံပျော်မြို့နယ်ဘက်ခြမ်းရှိ နေအိမ်(၃)လုံးသည် တံတား ချဉ်းကပ်လမ်း ဆောင်ရွက်မည့် နေရာနှင့် လွတ်ကင်းမှု မရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်း ထားတဲ့ ရေကြည်မြို့နယ်၊ နတ်စင်ငူကျေးရွာနှင့် ကျုံပျော်မြို့နယ်၊ မုန်ကုန်းကျေးရွာ ချင်းဆက်လမ်းပေါ်ရှိ နတ်စင်ငူချောင်းတံတားနှင့် ချဉ်းကပ်လမ်းတို့အတွက် ပထမဦးစွာ မြေနေရာရရှိရေး ညှိနှိုင်း ဆောင်ရွက်ရမည်ဖြစ်ပြီး မြေနေရာရရှိပါက ကွန်ကရစ်တံတားတည်ဆောက်ခြင်း လုပ်ငန်းအား ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် နောက်ပိုင်းကာလများတွင် ရန်ပုံငွေလျာထားတင်ပြသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပေးပို့လာသော အချက်အလက်များဖြင့် ပေါင်းစပ်ဖြေကြား အပ်ပါသည်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးလိုက်ပါ။

**ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ ဒုတိယဝန်ကြီးကို ကျေးဇူး အထူး တင်ရှိပါတယ်။ စောစောက ဒုတိယဝန်ကြီးဖြေသွားတဲ့အထဲမှာ ဒီ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်ကနေပြီးတော့ ဒီမတ်လကုန်ထိ(၇၀)ရာခိုင်နှုန်းပြီးတယ်လို့ ပြောပါတယ်။ တကယ်တမ်း ကျလို့ရှိရင် မေးခွန်းရဲ့ ဒုတိယအပိုဒ်မှာ ပါ ပါတယ်။ အရည်အသွေးမီအောင် မဆောင်ရွက်ခဲ့တဲ့ ကုမ္ပဏီကို ဘယ်လိုအရေးယူမှာလဲ နောက်တစ်ခုကနေပြီးတော့ အခုလုပ်နေတဲ့ အရာတွေက ကျွန်မ ဓာတ်ပုံမှာ ဖော်ပြပါတယ်။ လမ်းတွေဆိုလို့ရှိရင် ကျွန်မတို့ ဒီတိုင်လေးတွေနဲ့ စိုက်ပြီးတော့မှ လုပ်ထားပါတယ်။ အရည်အသွေး လုံးဝမပြည့်မီပါဘူး။ ယခုမိုးရာသီ သွားဖို့လာဖို့ဆို ဒီလမ်းကို ပြန်ပြီးတော့ ပိတ်ရနိုင်ခြေရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီလိုအရည်အသွေးမပြည့်မီတဲ့ အရာကို နေပြည်တော်ဝန်ကြီးဌာနအနေနဲ့ ဘယ်လိုတာဝန်ယူမလဲ။ အခုဆောင်ရွက်ပြီးသွားလို့ သူတို့စာချုပ် စာတမ်းပါအတိုင်း ဆောင်ရွက်ခဲ့မှု မရှိတဲ့အပေါ်မှာ ဘယ်လို စိစစ်အရေးယူမှာလဲ စိစစ်ဖို့ အစီအစဉ် ရှိပါသလား။ နောက်ထပ်နောက်ဆက်တွဲမေးခွန်းအနေနဲ့ မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင် ပါတယ်ရှင်။

**ဒေါက်တာကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ဆက်စပ် မေးခွန်းဖြစ်တဲ့ အရည်အသွေးမမီတာကို ဘယ်လိုအရေးယူမှာလဲဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။ ဒီ နှင်းသီရိကုမ္ပဏီကဆောင်ရွက်ခဲ့တာ ၂၀၁၂-၂၀၁၃ ခုနှစ်ကနေ ၂၀၁၅-၂၀၁၆ ခုနှစ်အထိ သုံးနှစ် ဆက်တိုက်ဆောင်ရွက်ခဲ့တာဖြစ်ပြီးတော့ အဆိုပါဆောင်ရွက်ခဲ့တဲ့အချိန်က စာချုပ် ချုပ်ဆိုလက်ခံ

ခဲ့တဲ့ဌာနကို ကျွန်တော်တို့ဒီမေးခွန်း ဆက်စပ်မေးခွန်းကိုပေးပို့သွားပါမယ်။ ပေးပို့ပြီး အဲဒီအချိန်အခါ တုန်းက ဘယ်လိုစိစစ်ခဲ့သလဲ။ ဘယ်လိုအရေးယူခဲ့သလဲ။ ဘယ်လိုလက်ခံခဲ့သလဲ။ ဒါနဲ့ပတ်သက်ပြီး ဒီမှာနောက်ထပ်ဒီ Liquidated Damages လို့ခေါ်တဲ့ နောက်ထပ်ဒီကာလပေါ်မှာ မူတည်ပြီး ပျက်စီးမှုတွေကို ဘယ်လိုဆောင်ရွက်မလဲ ဆိုတဲ့အချက်အလက်တွေဟာ ဘယ်လိုမျိုး စာချုပ်မှာ ပါရှိခဲ့သလဲ။ ဒါနဲ့ပတ်သက်ပြီး အရေးယူမှုတွေ ဘယ်လိုရှိသလဲ။ ဒါနဲ့ပတ်သက်ပြီးမေးပါမယ်။ ယခု အဲဒါနဲ့ပတ်သက်ပြီးတော့ ဒီ Liquidated Damages ဆိုတဲ့ သေချာစွာရှင်းလင်းထားပြီးတော့မှ ယခုအချိန်အထိ ဒီအထဲမှာပါဝင်တယ်ဆိုရင် ကျွန်တော်တို့ဝန်ကြီးဌာနကို အဲဒီစာချုပ်တွေ လွှဲပြောင်း ပေးပြီး ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ အရေးယူသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန် ပေးအပ်သော ကော်မတီဝင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း**

**အချိန်၊ ၁၁:၀၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ ကို ကော်မတီက ဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၁၀။**

**ဒေါ်နွယ်နွယ်အောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံးမင်္ဂလာပါရှင်။ ကျွန်မက မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမျိုးသား လွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဒေါ်နွယ်နွယ်အောင်ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ တာဝန်ပေးအပ်ချက်အရ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့်

ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကိုကာကွယ်ပေးရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားပါမယ်။

## အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာ

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၂၀ - ၁၁၄

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ မေလ ၁၅ ရက်

၁။ ပြည်သူ့လွှတ်တော်က နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ၂၅ - ၃ - ၂၀၂၀ ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန်အတွက် ပေးပို့လာပါသည်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်သူ့လွှတ်တော်၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ၁၄ - ၅ - ၂၀၂၀ ရက်နေ့တွင် ဆွေးနွေး ညှိနှိုင်းခဲ့ပါသည်။

### လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လေ့လာစိစစ်ရာတွင် -

(က) ဥပဒေ၏ ရည်ရွယ်ချက်နှင့်ကွဲလွဲမှုမရှိစေရန်၊ လက်တွေ့ကျင့်သုံး ဆောင်ရွက်ရာတွင် တိကျမှုရှိစေရန် အပိုဒ် ၃ အဖြစ် မူလဥပဒေပုဒ်မ ၈ ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည်-

၃။ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေ ပုဒ်မ ၈ ခြေဆင်းကို အောက်ပါအတိုင်း အစားထိုး ရမည် -

၈။ တာဝန်အရ လုပ်ပိုင်ခွင့်ရှိသူ မည်သူမျှ တည်ဆဲဥပဒေနှင့်အညီ ခွင့်ပြုမိန့်၊ ခွင့်ပြုချက် သို့မဟုတ် ဝရမ်းတစ်စုံတစ်ရာ မရှိဘဲဖြစ်စေ၊ နိုင်ငံတော် သမ္မတ သို့မဟုတ် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက် မရှိဘဲဖြစ်စေ-

(ခ) ပိုမိုပြည့်စုံမှုရှိစေရန်အတွက် ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့် ဥပဒေကြမ်း အပိုဒ် ၄ ကို အောက်ပါအတိုင်း အစားထိုးရမည် –

၄။ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေ ပုဒ်မ ၁၃၏နောက်တွင် ပုဒ်မ ၁၄ ကို အောက်ပါ အတိုင်း ဖြည့်စွက်ရမည် –

၁၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက် ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) ပြည်သူ့လွှတ်တော်က မူလပြဋ္ဌာန်းချက်အတိုင်း အတည်ပြုထားသည့် မူလဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ(င)ကို အဆိုပြုပြဋ္ဌာန်းချက်အတိုင်း ပြန်လည်ထားရှိ၍လည်းကောင်း၊ ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့် ဥပဒေကြမ်း အပိုဒ် ၂ တွင်ပါရှိသော ပုဒ်မ ၈၊ ပုဒ်မခွဲ(ဆ)နှင့် အပိုဒ် ၃ တွင်ပါရှိသော ပုဒ်မ ၁၀ တို့ကို မူလပြဋ္ဌာန်းချက် အတိုင်း ထားရှိသင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် နိုင်ငံသားများ၏ ပုဂ္ဂိုလ် ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် သက်ဆိုင်ရာဝန်ကြီးဌာန၊ သက်ဆိုင်ရာကော်မတီ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အသေးစိတ်ဆွေးနွေးညှိနှိုင်းခဲ့ပြီး ဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကျေးဇူးတင်ပါတယ်ရှင်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၁:၁၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ

လွှတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ် ဖော်ပြလက်မှတ်ရေးထိုးပြီး ၂၂-၅-၂၀၂၀ (သောကြာနေ့) ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန် အစည်းအဝေး ဒုတိယနေ့ ရပ်နားကြောင်းနှင့် တတိယနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၁:၁၅။**

**ဥက္ကဋ္ဌ။**　။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ကို ၂၀၂၀ ပြည့်နှစ်၊ မေလ ၂၀ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။**　။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။**　။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ၁၁:၁၅ နာရီအချိန်တွင် ရပ်နားပါသည်။]